# ကြေးမုံ
# The Mirror

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ အင်္ဂါနေ့၊ (11-11-2008) (၅၈၅၉)

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

## BIMSTEC ထိပ်သီးအစည်းအဝေးတက်ရောက်ရန် နယူးဒေလီမြို့သို့သွားရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင်ကျင်းပမည့် ဒုတိယအကြိမ် ကဏ္ဍစုံ နည်းပညာနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (BIMSTEC) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် နယူးဒေလီမြို့သို့ သွားရောက်မည် ဖြစ်သည်။ **(သတင်းစဉ်)**

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

## စတုတ္ထအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၁၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ကျင်းပသည့် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ စတုတ္ထအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အထိမ်းအမှတ်စာတန်းအား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကာ ပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။**

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို တပ်မတော်ခန်းမ အတွင်း၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေး ပြပွဲအထိမ်းအမှတ်စာတန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် တပ်မတော် ခန်းမ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✡

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## တန်ဆောင်မုန်းလပြည့်နေ့နှင့် အမျိုးသားအောင်ပွဲနေ့ လော်ကားဥယျာဉ် အချိန်တိုး၍ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၁၀

**သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း နိုဝင်ဘာ ၁၂ ရက် (တန်ဆောင်မုန်းလပြည့်နေ့)နှင့် နိုဝင်ဘာ ၂၂ ရက် (အမျိုးသားအောင်ပွဲနေ့)များတွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)



တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံလွှတ် ပြိုင်ပွဲ၌ စိန်နားပန် မီးပုံးပျံ စတင်လွှတ်၍ ယှဉ်ပြိုင်ဖွင့်လှစ်စဉ်။ (၃၀၅)

## ၂၀၀၈ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲ

တောင်ကြီး နိုဝင်ဘာ ၁၀

**နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကြီးနှင့် မီးပုံးပျံပြိုင်ပွဲ ၂၀၀၈ ခုနှစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် ညနေ ၆ နာရီတွင် တောင်ကြီးဘူတာမြောက်ဘက် ကုန်းသာယာကွင်းပြင်၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းရိုးရာ ကိန္နရီ ကိန္နရာ အက၊ ဓားသိုင်းအက၊ တိုင်းရင်းသူများနှင့် ပညာရေးကောလိပ်ကျောင်းသူများ၏ မီးပုံးအကများဖြင့် ကပြဖျော်ဖြေပြီးနောက် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❀

## ယနေ့ ကြေးမုံ သတင်း၊ ဆောင်းပါးများ အညွှန်း



အာဖဂန်နစ္စတန်တွင် အမေရိကန်တို့ပစ်ခတ်မှု တုံ့ပြန်ရန်အတွက် ... စာမျက်နှာ ၄

ပန်းတောင်းသန်းကြွယ် ၏
"ဆီမီးမြိုင်မြိုင် တန်ဆောင်တိုင်" (ဆောင်းပါး)
နှင့်
ဦးအောင်မွန်(မဟာဝိဇ္ဇာ) ၏
"သာမညဖလ မြတ်လှသုတ္တန်" (ကဗျာ)
စာမျက်နှာ ၆



ကျူးဘားကမ်းခြေ ဟာရီကိန်းမုန်တိုင်း ရောက်ရှိ (သဘာဝဘေးအန္တရာယ်သတင်းများ) စာမျက်နှာ ၅

ကြေးမုံ
The Mirror

၁၁-၁၁-၂၀၀၈
(အင်္ဂါနေ့)

| ပြည်သူ့သဘောထား | |
|---|---|
| | ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ |
| | ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ |
| | ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ |
| | ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

## စိုက်ပျိုးရေး၊စက်မှုနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟန်ွိုင်းမြို့၌ နိုဝင်ဘာလ ၇ ရက်နေ့က ကျင်းပသည့် တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်၍ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့သည် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်ဒေသအတွင်း ကုန်သွယ်ရေး၊စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်း အထွေထွေဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ပူးပေါင်းဖော်ဆောင်မှုများကြောင့် နယ်စပ်ဒေသတစ်လျှောက်ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာနှင့် စက်မှုလုပ်ငန်းများ ဖြစ်ထွန်းရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာရေးတို့တွင် တိုးတက်ဖြစ်ထွန်းမှုများ ရရှိနေသည်။ ဒေသတွင်း တည်ငြိမ်မှုနှင့် သာယာဝပြောမှုများဖြစ်ပေါ်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတွင် ပါဝင်သည့် ဘုံစီမံကိန်း ၃၃ ခု၊ နှစ်နိုင်ငံချင်းဆောင်ရွက်သည့် စီမံကိန်း ၆၇ခုတို့တွင် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများသည် လယ်ယာကဏ္ဍကို အဓိကအားထားသည့် နိုင်ငံများဖြစ်ရာ နည်းပညာဖလှယ်ခြင်း၊ ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်အထောက်အပံ့ဖြစ်စေခြင်းတို့ဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးပြီး စားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းတွင် အစားထိုးလောင်စာ စွမ်းအင် ရရှိနိုင်မည့်နည်းလမ်းများ ရှာဖွေရေးနှင့် ဇီဝလောင်စာများ ပိုမိုထုတ်လုပ်နိုင်ရေးတို့ကိုလည်း ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ထို့အပြင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ ပြည်သူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း တိုးတက်ဖော်ဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံများအတွင်း ဖြစ်တည်နေသည့် သဘာဝအခြေခံကောင်း၊ အခွင့်အလမ်းကောင်းများကို ရယူ၍ စိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဒေသတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

## ကိုကိုးကျွန်းသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တွေ့ဆုံအားပေး

ရန်ကုန် နိုဝင်ဘာ ၁၀

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် နိုဝင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲတွင် သာကေတမြို့နယ်ရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသည်များအား တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။**

ထို့နောက် တိုင်းမှူးက မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဟားခါးသင်္ဘောဖြင့် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### ပို့ဆောင်

အဆိုပါ သင်္ဘောဖြင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ဆန် ၆၇၂ အိတ်၊ ဆီ ၁၂ ပိပါ၊ ဘိလပ်မြေအိတ် ၁၅၀၊ သွပ် အချပ် ၂၀၀ အပါအဝင် ဆောက်လုပ်ရေးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

## ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း ပျဉ်းမပင်ရှိ မွေးမြူရေးစခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၀

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် နိုဝင်ဘာ ၉ရက် နံနက် ၈ နာရီတွင် မွေးမြူရေး၊အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရှိ ဗဟို ကြက်၊ ဘဲသားဖောက်ထုတ်လုပ်ရေးစခန်း အစည်းအဝေးခန်းမဆောင်၌ မွေးမြူရေး၊အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် ပျဉ်းမပင်မွေးမြူရေးစခန်းတို့မှ တာဝန်ခံများအားတွေ့ဆုံ၍ အသားကဏ္ဍတိုးတက်ထုတ်လုပ်ရေးနှင့် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု၌ ဘေးဥပဒ်ကင်းစင်သော အာဟာရပြည့်ဝသည့် ထုတ်ကုန်များထုတ်လုပ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။**

ထို့နောက် စခန်းတာဝန်ခံများက လုပ်ငန်းအလိုက် ရှင်းလင်းတင်ပြကြရာ အထွေထွေမန်နေဂျာဒေါက်တာပြည့်စုံနှင့် ဦးဆောင်ညွှန်ကြားရေးမှူးဦးသန်းရွှေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ပျဉ်းမပင် နို့စားနွားမွေးမြူရေးခြံနှင့်နေဗီယာနွားစာမြက်စိုက်ခင်းများ၊ ဝက်မျိုးကောင်းမျိုးသန့် သားဖောက်ထုတ်လုပ်ရေးနှင့် ဝက်အသားတိုး မွေးမြူရေးစခန်းများ၊ ဝက်ခြံစွန့်ထုတ်အညစ်အကြေးများမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်၍ လျှပ်စစ်ဓာတ်အားရယူဆောင်ရွက်ထားရှိမှု၊ကြက်မျိုးများမွေးမြူစမ်းသပ်ရေးစခန်း၌ မျိုးသန့်ကြက်များပေါင်းစပ်မွေးမြူခြင်းမှ အသားစားကြက်ဥနှင့် ဥစားကြက်မျိုးကောင်းများ ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကြက်မျိုးများ စမ်းသပ်မွေးမြူရေးစခန်း အစည်းအဝေးခန်းမ၌ ပျဉ်းမပင် မွေးမြူရေးစခန်း တာဝန်ခံများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး



**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း နို့စားနွား မွေးမြူရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။**
(မွေး/ရေ)

## အလက(၃)တာမွေနှင့် အထက(၅)မင်္ဂလာတောင်ညွန့် ယခင်စိန့်မိုက်ကယ်ကျောင်း အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၀**

စိန့်မိုက်ကယ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ န၀မအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၀ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ (Central Hotel)၌ ကျင်းပမည်ဖြစ်ပါ၍ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဒေါက်တာစိန်မြင့်မောင် ဖုန်း-၀၁-၇၂၆၈၈၅၊ ဦးမောင်မောင်အေး ဖုန်း-၀၉-၅၁၆၆၈၄၇၊ ဦးချာလီချီးယား ဖုန်း-၀၁-၂၉၈၃၅၁၊ ဦးအုန်းမောင် ဖုန်း-၀၉-၅၁၇၃၂၂၉၊ ဦးဖေဇော်ဝင်း ဖုန်း-၀၉-၅၁၄၆၁၄၂၊ ဒေါက်တာဝင်းအောင် ဖုန်း-၀၁-၂၉၂၃၅၀၊ ဦးရွှေရ ဖုန်း-၀၉-၅၁၇၅၆၆၀၊ ဒေါ်အဲလစ်မောင် ဖုန်း-၀၁-၅၅၅၉၅၈ တို့သို့ ဆက်သွယ်လျှဒါန်းနိုင်သည်။ (ကြေးမုံ)





## တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

မွန်ပြည်နယ်အတွင်းရှိ တရားရုံးများ၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တရားသူကြီး ဦးမြင့်ဝင်းက ပြည်နယ်အတွင်း တရားစီရင်ရေး၊ စီမံခန့်ခွဲရေးနှင့် မှုခင်းများ ကျဆင်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ **(ဝဲပုံ)**

### တက်ရောက်

အစည်းအဝေးသို့ မော်လမြိုင်ခရိုင် တရားသူကြီး ဒေါ်ခင်ခင်ချို၊ သထုံခရိုင် တရားသူကြီး ဒေါ်ဆွေဆွေနှင့် မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ တရားရုံးများမှ တရားသူကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယခင်ဖောင်ပယ်ဖျက်/ယခုဖောင်သုံးရန် ၂း၅၀

✡ **ရွှေဖုံးမှ**

အတွင်း၌ ခင်းကျင်းပြသထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေးပြပွဲ ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ကျန်ပြိုင်ပွဲအသီးသီး၌ ဆုရရှိကြသူများအား ဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ကဗျာ၊ သီချင်း၊ တေးသရုပ်ဖော်ပြိုင်ပွဲ အထက်တန်း၊ အလယ်တန်းအဆင့် ပြိုင်ပွဲ၌ ပထမဆုရ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် မူလတန်းအဆင့် ကဗျာ၊ သီချင်း၊ တေးသရုပ်ဖော်ပြိုင်ပွဲ၌ ပထမဆုရ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူကလေးများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါပြပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၆ရက်အထိ နံနက် ၈နာရီမှ ညနေ ၆နာရီအထိ အများပြည်သူများအား ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး ပြခန်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာများမှ ပြခန်းများ၊ စက်မှုဇုန်များမှ ထုတ်လုပ်သည့် ပြည်တွင်းဖြစ် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် စက်ကိရိယာများပြခန်းနှင့် အရောင်းပြခန်းများကို ဖွင့်လှစ်ပြသထားသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ ပြန်တမ်း

**နေပြည်တော် နိုဝင်ဘာ ၁၀**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်အား ယင်းဝန်ကြီးဌာန၊အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(သတင်းစဉ်)




## ဆုပေးအပ်ချီးမြှင့်

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စတုတ္ထအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မြှင့်တင်ရေးအသိပညာပေးပြပွဲ၊ ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

# စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရှက်သယ်ပိုးက၊ ခနိးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၁၁-၂၀၀၈ (အင်္ဂါနေ့)**

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "တန်ဆောင်မုန်းလပြည့်သာမညဖလအခါတော်နေ့" တရားတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ) (ရွှေလင်းယုန်ဆရာတော်) |
| ၈း၀၀ - ၂း၀၀ | သာယာချိုအေး (၃၈) ဖြာမင်္ဂလာတေး (တစ်ခုပညာကိုယ်စီပါ) |
| ၈း၁၀ - ၂း၁၀ | Sunday Talk |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | လုံခြုံနွေးထွေးမှုမှသည် ထူးချွန်ထက်မြက်သောအနာဂတ်ဆီသို့ |
| ၉း၄၀ - ၃း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၅ - ၃း၄၅ | မြန်မာ-ဘရာဇီးလ်ချစ်ကြည်ရေးလေဘောရန်ပုံငွေဘောလုံးပွဲ |
| ၁၀း၀၅ - ၄း၀၅ | တေးဂီတအစီအစဉ် |
| ၁၀း၁၀ - ၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅ - ၄း၁၅ | သဘာဝလက်ဆောင် " စိမ်းပြာရေညှိထုတ်ကုန်များ" |
| ၁၀း၅၀ - ၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ - ၅း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ - ၅း၀၅ | မြန်မာ့ရိုးရာရက်ကန်း၏ လက်မှုအနုလက်ရာများ |
| ၁၁း၂၀ - ၅း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ - ၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀ - ၅း၃၀ | တီကောင်စွန့်ပစ် ဩဂဲနစ် |
| ၁၁း၅၀ - ၅း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ - ၅း၅၅ | Art vision (နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် ပန်းချီအနုပညာအလှူပွဲတော်) |
| ၁၂း၁၅ - ၆း၁၅ | မျက်စိအတွင်းတိမ် ရေတိမ် ရောဂါအကြောင်းသိကောင်းစရာ (ဒေါက်တာ ထွန်းအောင်ကျော်) |
| ၁၂း၃၀ - ၆း၃၀ | Music Gallery (ကဗျာဘွဲ့မှူး -အရင်လို) |
| ၁၂း၅၀ - ၆း၅၀ | ခမ်းနားမှုများနှင့် တန်ဆာဆင်ခြင်း |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❁ **၂၀၀၈ခုနှစ်မှ**

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က စက်ခလုတ်နှိပ်ပြီး မီးရှူးမီးပန်းများအလှအပ ထွန်းညှိပေးလိုက်ကာ ပွဲတော်ကိုဖွင့်လှစ်လိုက်သည်။

ဆက်လက်၍ မြို့ပေါ်ရှိကျောင်းများမှ ဘင်ခရာနှင့် မီးပုံးရောင်စုံကိုင်ကျောင်းသားအင်အား ၂၀၀၀ ခန့်က မီးပဒေသာသရုပ်ပြ အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး မီးရှူးမီးပန်းများဖြင့် မီးပုံးပျံကော်မတီမှ ကောင်းကင်သို့ လွှတ်တင်ပစ်ဖောက်ပြသကြသည်။

ဖွင့်ပွဲအပြီးတွင် စိန်နားပန်မီးပုံးပျံနှင့် ညမီးကြီးခေါ် မီးရှူးမီးပန်းယမ်းဖောက်ခွဲမှုပါဝင်သော မီးပုံးပျံပြိုင်ပွဲကို စတင် ကျင်းပသည်။

ယခုနှစ်တွင် နိုဝင်ဘာ ၅ရက်မှ ၁၂ရက်အထိ ညမီးကြီးမီးပုံးပျံ ၅၁လုံးနှင့်၊ စိန်နားပန်မီးပုံးပျံ ၃၁လုံး၊ နေ့ရုပ်အလှမီးပုံးပျံ ၂၀၀ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမဆုကျပ်သိန်း ၃၀၊ ဒုတိယဆု ကျပ် ၂၅သိန်း၊ တတိယဆု ကျပ်သိန်း ၂၀၊ စတုတ္ထဆု ကျပ် ၁၆သိန်း၊ ပဉ္စမဆု ကျပ် ၁၄သိန်းနှင့် ဂုဏ်ပြုဆု၊ နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဟု သိရသည်။

(၃၀၅)



**တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲ အဆို၊ အကများဖြင့် တိုင်းရင်းသူများ စုပေါင်းတင်ဆက်ကပြစဉ်။**

(၃၀၅)

## (၁၆)ကြိမ်မြောက် ပြွန်တန်ဆာ အထက၊ အလကမြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပြွန်တန်ဆာမြို့ အထက၊ အလကတွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားယူခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပြွန်တန်ဆာ အထကကျောင်း ဦးသူတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံနိုင်ရေးအတွက် ဆရာကြီး၊ ဆရာမကြီးများသည် ဒေါ်ခင်စောမူ(ရန်ကုန်) ၀၁-၅၂၂၀၈၆၊ ၀၉၅၁၅၈၅၅၇သို့ ဆက်သွယ်ကြရန် ဖိတ်ကြားထားသည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ပြွန်တန်ဆာမြို့ ဦးဇော်ဦးလှိုင် ၀၅၂-၅၉၃၀၉၊ ဒေါ်စောသီတာ ၀၅၂-၅၉၂၂၉။ ဒေါ်ဌေးဌေးလှိုင် ၀၅၂-၅၉၀၅၆၊ ဒေါ်မြတ်ဝတ်ရည်ဦး ၀၅၂-၅၉၁၉၅၊ ဦးသက်အောင်လင်း ၀၅၂-၅၉၃၁၀၊ ဦးကျော်စွာမြင့် ၀၅၂-၅၉၂၁၆(မန္တလေး)၊ ဒေါ်မင်းမင်းစန်း (ယုန်မင်းပွဲရုံ)၀၂-၃၅၅၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## အာစရိယပူဇော်ပွဲ ကျင်းပရေး အလှူငွေများ ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် ပြည်တွင်း၊ ပြည်ပ ဆရာကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ရက်က ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြအင်ဂျင်နီယာများကိုယ်စား ဆောက်လုပ်ရေးဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကိုကိုက ငွေကျပ် ၁၆ သိန်းကို ပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးထံ ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

(ကြေးမုံ)




## စလင်းမြို့ အထကနှင့် အလက အငြိမ်းစား ဆရာ၊ ဆရာမများ ပူဇော်ကန်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

စလင်းမြို့ အထကနှင့် အလကတို့မှ အသက်(၆၅)နှစ်နှင့် အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို စလင်းမြို့ မြတ်ရတနာဓမ္မာရုံကြီး၌ နိုဝင်ဘာ ၂၃ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများ ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများကို နေပြည်တော်တွင် ဦးခင်မောင်သန်း ဖုန်း-၀၆၇-၂၂၇၄၃၊ စလင်းမြို့တွင် ဦးမြင့်အောင် ဖုန်း-၀၆၃-၄၂၂၃၅၊ ဦးစောအောင်သန်း ဖုန်း-၀၆၃-၄၂၀၆၆၊ ဦးမောင်မောင်စန်း ဖုန်း-၀၆၃-၄၂၀၇၃၊ မကွေးမြို့တွင် ဦးချစ်ဆိုင် ဖုန်း-၀၆၃-၂၃၈၁၄၊ ဒေါက်တာမြင့်အောင် ဖုန်း-၀၉ ၅၃၄၁၁၈၁၊ မင်းဘူးမြို့တွင် ဒေါ်နီလာမော် ဖုန်း-၀၆၅-၂၁၀၄၇၊ ရန်ကုန်မြို့တွင် ဦးစန်းညိုအောင် ဖုန်း-၀၁-၆၈၀၄၂၀၊ ၀၁-၆၈၁၀၄၄၊ ဦးလင်းသက်မော် ဖုန်း-၀၉ ၅၁၁၇၂၉၉၊ ပွင့်ဖြူမြို့တွင် ဦးစန်းလွင် ဖုန်း-၀၆၃-၆၀၂၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## အာဖဂန်နစ္စတန်တွင် စစ်သွေးကြွ ခုနစ်ဦးသေ ၁၂ ဦး အဖမ်းခံရ

**ကဘူး နိုဝင်ဘာ ၁၀**

အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် တာလီဘန်များနှင့် ဟက်ကာနီ၏ ကွန်ရက်ကို ပစ်မှတ်ထား၍ အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များသည် စစ်ဆင်ရေးဆင်နွှဲရာ စစ်သွေးကြွ ခုနစ်ဦးကို ရှင်းလင်းနိုင်ပြီး ၁၂ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း စနေနေ့က ကဘူးမြို့တွင် ထုတ်ပြန်သော နိုင်ငံစုံတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

နန်ဂါဟာပြည်နယ် အချင်ခရိုင်တွင် ပေါက်ကွဲစေသောပစ္စည်းများနှင့် ပတ်သက်၍ ညှိနှိုင်းညွှန်ကြားခြင်း၊ အသေခံ တိုက်ခိုက်ခြင်းနှင့် အခြားတိုက်ခိုက်မှုမျိုးစုံအတွက် တာဝန်ရှိသောဒေသတာဝန်ခံ တာလီဘန်တပ်မှူး တစ်ဦးအားနိုင်ငံစုံတပ်ဖွဲ့က ပစ်မှတ်ထား၍ ချေမှုန်းတိုက်ခိုက်ရာ စစ်သွေးကြွခြောက်ဦးကို သုတ်သင်နိုင်ခဲ့ပြီး ၁၀ဦး ဖမ်းဆီးနိုင်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ ခို့စ်ပြည်နယ် စပီယာခရိုင်တွင် ဟက်ကာနီစစ်သွေးကြွတစ်ဦးကို ဖမ်းဆီးရန် ပြုလုပ်သော စစ်ဆင်ရေးတွင် စစ်သွေးကြွတစ်ဦးကို သုတ်သင်နိုင်ခဲ့ပြီး နှစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**အာဖဂန်နစ္စတန်မှ မိသားစုတစ်စုသည်အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဘေးလွတ်ကင်းမည် ထင်သော ကွင်းတစ်နေရာသို့ ထွက်ပြေးတိမ်းရှောင်စဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်အနောက်ပိုင်း၌ အသေခံပုံးပေါက်ကွဲ ရှစ်ဦးသေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၀**

အီရတ်နိုင်ငံအနောက်ပိုင်း ရာမာဒီမြို့တွင် နိုဝင်ဘာ ၈ ရက်က ရဲစခန်းတစ်ခုအား အသေခံပုံးခွဲ တိုက်ခိုက်ရာ ရှစ်ဦးသေဆုံးပြီး ၁၄ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ပုံးပေါက်ကွဲမှုကို မြင်တွေ့သည့် ရဲအရာရှိနှစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားရာတွင် ရဲတပ်ဖွဲ့ဝင်လေးဦးနှင့်အရပ်သားလေးဦး သေဆုံးသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## အာဖဂန်နစ္စတန်တွင် ပြန်ပေးဆွဲခံရသော ကနေဒါ သတင်းထောက်ပြန်လွတ်လာ

**အော့တဝါ နိုဝင်ဘာ ၁၀**

အာဖဂန်နစ္စတန်တွင် ကနေဒီယန်အသံလွှင့် ကော်ပိုရေးရှင်း (စီဘီစီ) အတွက် တာဝန်ယူ ဆောင်ရွက်ပေးနေသော သတင်းထောက်ဖြစ်သူ မယ်လီဆာဖန်သည် စနေနေ့က ပြန်ပေးများလက်မှ ပြန်လည်လွတ်မြောက်လာခဲ့သည်ဟု သူမ၏ အလုပ်ရှင်ကပြောကြားသည်။

ဖန်သည် အာဖဂန်နစ္စတန်ရှိ ကနေဒါသံရုံးတွင် အန္တရာယ်ကင်းရှင်းစွာရှိနေကြောင်းနှင့် ကျန်းမာရေးစစ်ဆေး မှု ခံယူနေကြောင်း စီဘီစီက ပြောကြားသည်။

### ခေါ်ဆောင်သွား

အောက်တိုဘာ ၁၂ ရက်က ကဘူးမြို့စွန်ရှိ ကုလသမဂ္ဂဒုက္ခသည်စခန်းတစ်ခုတွင် လက်နက်ကိုင်တစ်စုက ပြန်ပေးဆွဲသွားကြပြီး ကဘူးမြို့အနောက်ဘက် ကျောက်တောင်များ ထူထပ်ရာသို့ ခေါ်ဆောင်သွားခဲ့သည်ဟု ကြေညာချက်တစ်စောင်တွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်သည် သတင်းသမားများအတွက် အန္တရာယ်အရှိဆုံးနိုင်ငံဖြစ်ကြောင်း၊ နိုင်ငံခြားသားများကို လုပ်ကြံခြင်း၊ ပြန်ပေးဆွဲခြင်းများ မြင့်မားလာနေကြောင်း ကနေဒါဝန်ကြီးချုပ် စတီဖန်ဟာပါက သတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားသွားသည်။

### ပြန်ပေးငွေမပေးရ

ဖန်လွတ်မြောက်ရေးအတွက်စီဘီစီမှသော်လည်းကောင်း အခြားတစ်စုံတစ်ဦးမှသော်လည်းကောင်း ပြန်ပေးငွေမပေးခဲ့ရကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**အီရတ်နိုင်ငံတီကရစ်ဒေသရှိ နေအိမ်တစ်လုံးအတွင်းသို့ အမေရိကန်တပ်ဖွဲ့များ ဝင်ရောက်ရှာဖွေနေစဉ် ကြောက်လန့်နေရှာသော ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



## အာဖဂန်နစ္စတန်တွင် အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် အရပ်သားအများအပြား သေဆုံးခြင်းအပေါ် တူရကီအစိုးရက ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

**အန်ကာရာ နိုဝင်ဘာ ၁၀**

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် မကြာသေးမီကဖြစ်ပွားခဲ့သည့် အမေရိကန်တို့၏ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သား အများအပြားသေဆုံးခဲ့ရခြင်းအပေါ် တူရကီအစိုးရက ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်ဟု အန်နာတိုလီယာ သတင်းဌာနက နိုဝင်ဘာ ၇ ရက်တွင် ဖော်ပြသည်။

ယင်းဖြစ်စဉ်အပေါ် စုံစမ်းစစ်ဆေးရာတွင် တူရကီကျွမ်းကျင်ပညာရှင်များပါဝင်မည်ဖြစ်သည့်အပြင် တရားခံကို မကြာမီတွင် ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဌာနက ပြောကြားသည်။

ထိုသို့ဖမ်းဆီးအရေးယူခြင်းအားဖြင့် မကြာခဏဖြစ်ပွားလေ့ရှိသည့်အကြမ်းဖက်မှုပြဿနာရပ်များကို တားဆီးနိုင်မည်ဟု ယူဆရကြောင်း ၎င်းတို့က ဆိုသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၃ ရက်က ကမ်ဒါဟာပြည်နယ် ရှာဝါလီကော့ဒေသတွင် မင်္ဂလာပွဲကျင်းပရာနေရာသို့ အမေရိကန် တိုက်လေယာဉ်များက ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမျိုးသမီး ၃၃ ဦးနှင့် ကလေးငယ်များ အပါအဝင် အာဖဂန်အရပ်သား ၄၀ ခန့်သေဆုံးခဲ့ရသည်။ ***အင်တာနက်။***

**အီရတ်နိုင်ငံ ဒီယားလားဒေသတွင်ဗုံးပေါက်ကွဲမီးလောင်မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



## အင်ဒိုနီးရှားတွင် ဘာလီဗုံးခွဲသူများကို ကွပ်မျက်

**ဂျကာတာ နိုဝင်ဘာ ၁၀**

အင်ဒိုနီးရှားနိုင်ငံတွင် လူ ၂၀၂ဦး သေဆုံးခဲ့ရသော ဘာလီဗုံးခွဲမှုတွင် အဓိကဆောင်ရွက်သူ သုံးဦးကို တနင်္ဂနွေနေ့ညကကွပ်မျက်ခဲ့ကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြားလိုင်းမှကြေညာသည်။

ဘာလီဗုံးခွဲသူ သုံးဦးဖြစ်သည့်အလီဂူဖရန်(ခ)မူကလပ်၊အမ်ရိုဇီနှင့်အိုင်မန်ဆမူ ဒရာတို့ကို ဂျာဗားပြည်နယ် အလယ်ပိုင်း နူဆာကန်ဘန်ဂန်ကျွန်းတွင် ညသန်းခေါင်ကျော်၌ ကွပ်မျက်ခဲ့သည်ဟု ရုပ်/သံမှ ကြေညာသည်။

ယုံကြည်ရသော သတင်းရပ်ကွက်အဆိုအရ ညသန်းခေါင်ကျော်တွင် ကွပ်မျက်ပြီးစီးကြောင်း ၎င်းကျွန်းမှ ရုပ်/သံ သတင်းထောက်တစ်ဦးက ပြောကြားသည်။

ဗုံးခွဲသူများ၏ ရှေ့နေကလည်း ကွပ်မျက်ပြီးကြောင်း အတည်ပြု ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## တန်ဇန်းနီးယားတွင် လေယာဉ်ပျက်ကျ အီတလီကမ္ဘာလှည့်ခရီးသည်လေးဦးသေဆုံး

**နိုင်ရိုဘီ နိုဝင်ဘာ ၁၀**

ကင်ညာနိုင်ငံတွင် မှတ်ပုံတင်ထားသော ခရီးသည်တင်လေယာဉ်တစ်စင်းသည် နိုဝင်ဘာ ၇ ရက်က တန်ဇန်းနီးယားမြောက်ပိုင်း ကီလီမန်ဂျာရိုတောင်ပေါ်ရှိ မာဝင်ဇီတောင်ထိပ်အား ဝင်ရောက်တိုက်မိပြီးပျက်ကျခဲ့ရာ အီတလီကမ္ဘာလှည့်ခရီးသည် လေးဦးသေဆုံးခဲ့သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။ ယင်းမတော်တဆမှုတွင် ခရီးသည်လေးဦးသေဆုံးပြီး လေယာဉ်မှူးအား ဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။ လေယာဉ်မှူး၏ အခြေအနေမှာ စိုးရိမ်ရကြောင်းနှင့် ယင်းဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကီလီမန်ဂျာရိုတောင်သည် အာဖရိကဒေသတွင် အမြင့်ဆုံးတောင်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်မှ ၅၈၉၅ မီတာအမြင့်ရှိကာ ယင်းတောင်ပေါ်ရှိ မာဝင်ဇီတောင်ထိပ်သည် ဆီးနှင်းများဖြင့် ဖုံးလွှမ်းနေလေ့ရှိသည်ဟုသိရသည်။ ***အင်တာနက်။***

## ဆိုမာလီတွင် ဒိန်းမတ်ကုန်သင်္ဘော ပြန်ပေးဆွဲခံရ

**နိုင်ရိုဘီ နိုဝင်ဘာ ၁၀**

ဆိုမာလီနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် သင်္ဘောသား ၁၃ ဦးပါသော ဒိန်းမတ် ကုန်သင်္ဘောတစ်စင်းကို လက်နက်ကိုင် ဆိုမာလီပင်လယ်ဓားပြများကပြန်ပေးဆွဲသွားကြောင်း ဒေသဆိုင်ရာ ရေကြောင်းအရာရှိတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ဘဟားမား၌ မှတ်ပုံတင်ထားပြီး ကလစ်ပါးအီလစ် ပို့ဆောင်ရေးသင်္ဘောကုမ္ပဏီမှပိုင်ဆိုင်သော‘စီအီးစီ ဖရူးချား’ ကုန်သင်္ဘောကို ပင်လယ်ဓားပြများက အေဒင်ပင်လယ်ကွေ့၌ နိုဝင်ဘာ ၇ ရက် ညနေတွင် ပြန်ပေးဆွဲသွားသည်ဟု အရှေ့အာဖရိက သင်္ဘောသား အထောက်အပံ့ပေးရေး အစီအစဉ် (အက်စ်အေပီ)မှ ညှိနှိုင်းရေးမှူးအန်ဒရူးမဝန်ဂူရာကပြောကြားသည်။

သင်္ဘောသားအများစုသည် ရုရှားများဖြစ်ကြကြောင်း၊ဂျော်ဂျီယာနိုင်ငံသားတစ်ဦး၊ လီသူရေးနီးယားတစ်ဦးနှင့် ရုရှား ၁၁ ဦးဖြစ်ကြောင်း မဝန်ဂူရာက ဆင်ဟွာသို့ ဖုန်းဖြင့်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

### ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ပေါက်ကွဲမှုများ ဖြစ်ပွားနေစဉ် ဘေးလွတ်ရာသို့ ပြေးလွှားနေသော ကလေးငယ်များကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## ဖိလစ်ပိုင်တွင် ပြန်ပေးဆွဲခံထားရသော သူနာပြုတစ်ဦး ပြန်လည်လွတ်မြောက်

**ဇမ်ဘိုအန်ဂါ နိုဝင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ပြန်ပေးဆွဲခံခဲ့ရသော သူနာပြုတစ်ဦးအား လေးလကြာ ဖမ်းဆီးခေါ်ဆောင်ထားပြီးနောက် ပြန်ပေးငွေ အမြောက်အမြားဖြင့် အပေးအယူပြုလုပ်ကာ နိုဝင်ဘာ ၈ရက်က ပြန်လွှတ်ပေးလိုက်ပြီ ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ပြန်ပေးဆွဲခံရသူ အသက် ၂၄နှစ်အရွယ်ရှိ ပရီကိုဆာ ဖလီစီအန်နိုအား ဘာစီလန်ကျွန်းအနီးတွင် ဒေသဆိုင်ရာတာဝန်ရှိသူများထံ နိုဝင်ဘာ၇ ရက်က ပြန်လွှဲပေးခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၈ရက်တွင် နိုင်ငံတောင်ပိုင်းရှိမြို့သို့စစ်ဘက်ကခေါ်ဆောင်လာခဲ့ကြောင်း သိရသည်။ သူမအား ဇူလိုင် ၇ ရက်က တည်းက ပြန်ပေးဆွဲသွားခဲ့ခြင်း ဖြစ်ပြီး အယ်လ်ခိုင်ဒါ စစ်သွေးကြွများနှင့် အဆက်အသွယ်ရှိသည့်အဘူဆေယက်အဖွဲ့ဝင်များ၏ လက်ချက်ဖြစ်သည်ဟု ယူဆရသည်။

***အင်တာနက်။***



**နိုဝင်ဘာ ၈ရက်က ပင်လယ်ပြင်တွင် စမ်းသပ်စစ်ဆေးမှုပြုလုပ်စဉ် မတော်တဆမှုဖြစ်ပွားကာ လူ ၂၀ ကျော် သေဆုံးခဲ့ရသော ရုရှားအကူလာရေငုပ်သင်္ဘော နားပါအား တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ဥရောပတွင် ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်မှုအပေါ် အမေရိကန်၏ အဆိုပြုချက်သစ်များအား ရုရှားက ကျေနပ်မှုမရှိဟုပြောကြား

**မော်စကို နိုဝင်ဘာ ၉**

အမေရိကန် ဒုံးကျည်ကာကွယ်ရေးစနစ်နှင့် ပတ်သက်၍ ရုရှားနိုင်ငံ၏ စိုးရိမ်မကင်းဖြစ်မှုများ လျော့ပါးသက်သာစေရန် ရည်ရွယ်တင်ပြသည့် အမေရိကန်၏ အဆိုပြုချက်အသစ်များအပေါ် ရုရှားအစိုးရက ကျေနပ်မှုမရှိကြောင်း ရုရှားသတင်းစာ တစ်စောင်က နိုင်ငံခြားရေးဝန်ကြီးဌာနကို ကိုးကား၍ရေးသားလိုက်သည်။

အမေရိကန်ကမီဒီယာသတင်းဌာနသို့ အသိပေးထုတ်ဖော် ပြောကြားမှုမရှိမီ ရုရှားနှင့် တိုင်ပင်ဆွေးနွေးမှုမရှိသေးသဖြင့် ရုရှားက အမေရိကန်၏ အဆိုပြုချက်များနှင့် ပတ်သက်၍ တုံ့ပြန်မှုမပြုလုပ်သေးဟုနိုင်ငံခြားရေး ဒုတိယဝန်ကြီး ဆာဂျီယက်ကော့ဗ်က ပြောကြားသည်။

ပိုလန်နှင့် ချက်သမ္မတ နိုင်ငံတွင် ဖြန့်ကြက်ထားသည့် ဒုံးကျည်ကာကွယ်ရေး အဆောက်အအုံများသို့ ရုရှားဝန်ထမ်းများ လာရောက်ရန် ခွင့်ပြုသည့် အဆိုပြုချက်များကို အမေရိကန်က တင်ပြထားသည်။ သို့ရာတွင် ယင်းတင်ပြချက်သည် ပြဿနာ၏ အဓိကအချက်မဟုတ်ဟု ယက်ကော့ဗ်ကပြောကြားသည်။

ဒုံးပျံခြိမ်းခြောက်မှု အန္တရာယ်နှင့် တုံ့ပြန်ရေး အစီအစဉ်များအပေါ် အကဲဖြတ်နိုင်ရန်အတွက် နှစ်ဦးနှစ်ဖက် သဘောတူညီချက်ရရှိရန် လိုအပ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

***အင်တာနက်။***



**ကွန်ဂိုနိုင်ငံတွင် အစိုးရတပ်ဖွဲ့နှင့် သူပုန်တပ်များသည် အပြင်းအထန် ဆက်လက်တိုက်ခိုက်လျက်ရှိရာ ထောင်ပေါင်းများစွာသော ပြည်သူများသည် မိမိတို့အိုးအိမ်များကို စွန့်ခွာထွက်ပြေး၍ ဒုက္ခသည်စခန်းများ၌ ခိုလှုံနေကြသည်။ ယင်းဒုက္ခသည်များကို ယူနီဆက်၊ ကြက်ခြေနီအဖွဲ့အစည်းများက ရိက္ခာများ ထောက်ပံ့နေသည်။ ပုံတွင် ဒုက္ခသည်တစ်ဦး ရရှိလာသော ရိက္ခာအိတ်ကို ရွက်၍ မိမိစခန်းရှိရာသို့ ပြန်လာစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အမေရိကန်ရွေးကောက်ပွဲတွင် အိုဘားမားအနိုင်ရခြင်းသည် လူဖြူမဟုတ်သော မဲဆန္ဒရှင်များ အရေးပါလာသည်ကို ပြသဟုဆို

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၉**

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အိုဘားမားအနိုင်ရလိုက်ခြင်းသည် ထိုနိုင်ငံ၌အာဖရိကနွယ်ဖွား အမေရိကန်မဲဆန္ဒရှင်များ၊ လက်တီနိုနှင့် အာရှအမေရိကန်မဲဆန္ဒရှင်များ၏ မဲများအရေးပါလာသည်ကို ပြသလျက်ရှိကြောင်း စီအင်အင်သတင်းဌာန၏ နောက်ဆုံးစစ်တမ်းကောက်ယူမှုများက ဖော်ပြသည်။

အိုဘားမားသည် လူဖြူမဲဆန္ဒရှင်များ၏ ၄၃ ရာခိုင်နှုန်းသော မဲကို ရရှိသည့်အပြင် လူမည်းမဲဆန္ဒရှင်အားလုံးနှင့် အာရှနှင့်လက်တီနို မဲဆန္ဒရှင် သုံးဦးတွင် နှစ်ဦး၏ မဲများကို ရရှိနိုင်ခဲ့သည်ဟု နိုဝင်ဘာ ၈ ရက်တွင် ထွက်ပေါ်လာသော သတင်းက ဖော်ပြသည်။

### ဆက်လက်တိုးပွား

အာဖရိကနွယ်ဖွား အမေရိကန်မဲဆန္ဒရှင်အင်အားသည် ၂၀၀၄ခုနှစ်က ၁၁ ရာခိုင်နှုန်း အချိုးအစားသာရှိရာမှ ၂၀၀၈ခုနှစ်တွင် အချိုးအစားသည် ၁၃ ရာခိုင်နှုန်းအထိတိုးပွားလာသည်။ လက်တီနိုဆန္ဒရှင်များ၏ အချိုးအစားမှာ ၈ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ တိုးလာပြီး အာရှမဲဆန္ဒရှင်များ၏ အချိုးအစားမှာ အနာဂတ်တွင် ဆက်လက်တိုးပွားလာမည့် အခြေအနေရှိသည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ဂါဇာကမ်းမြောင်ဒေသပိတ်ဆို့မှုကို ချိုးဖောက်၍ လှုပ်ရှားတက်ကြွသူများပါဝင်သည့် သင်္ဘောဝင်ရောက်

**ဂါဇာစီးတီး နိုဝင်ဘာ ၉**

ဟားမတ်စ်တို့ ကြီးစိုးထားသော ဂါဇာကမ်းမြောင်ဒေသကိုပိတ်ဆို့ထားသည့်အခြေအနေအား ချိုးဖောက်၍ ဥရောပပါလီမန်မှ ကိုယ်စားလှယ်များစီးနင်းလိုက်ပါလာသည့် သင်္ဘောသည် နိုဝင်ဘာ ၈ ရက်တွင် ထိုကမ်းမြောင်ဒေသသို့ ဆိုက်ရောက်လာသည်။

ယင်းဒေသအား ပိတ်ဆို့ထားမှုကို အဆုံးသတ်သွားစေရန်အတွက် လူနှင့်ကုန်စည်များ တင်ဆောင်ထားသော သင်္ဘောများ နောက်ထပ်ဝင်ရောက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဥရောပ ပါလီမန်မှ တက်ကြွလှုပ်ရှားသူများက ပြောကြားသည်။

ဆိုက်ပရပ်မှယခုဂါဇာသို့ ဆိုက်ကပ်လာသော သင်္ဘောမှာ ဒစ်ဂနစ်တီသင်္ဘောဖြစ်ပြီး ယခုခရီးစဉ်သည် ထိုသင်္ဘောအတွက် တတိယခရီးစဉ်ဖြစ်ကြောင်းသိရသည်။ ယင်းသင်္ဘောအား အစ္စရေး ရေတပ်ဖွဲ့က တစ်စုံတစ်ရာဟန့်တားခြင်း မပြုလုပ်ဟုဆိုသည်။ ဂါဇာကမ်းမြောင်ဒေသကို ဖာတာတို့လက်မှ ဟားမတ်စ်တို့က တိုက်ယူပြီးသည့် နောက်ပိုင်းတွင် ထိုကမ်းမြောင်ဒေသကို အီဂျစ်နှင့် အစ္စရေးတို့ကပိတ်ပင်ထားခဲ့ကြသည်။

သို့ရာတွင် လူသားချင်းစာနာထောက်ထားသောအားဖြင့် ပေးပို့သော ကုန်စည် အနည်းငယ်ကို သယ်ယူခွင့်ပြုသည်ဟု ဆိုသည်။ ***အင်တာနက်။***




## ဘင်္ဂလားဒေ့ရှ်တွင် ရေမှကူးစက်သော ရောဂါကြောင့် ကလေးငယ် ၁၀၀၀၀၀ ကျော် နှစ်စဉ်သေဆုံးရ

**ဒါကာ နိုဝင်ဘာ ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပတ်ဝန်းကျင်သန့်ရှင်းမှု နည်းပါးသည့်အတွက် နှစ်စဉ် အသက်ငါးနှစ်အောက်ကလေးငယ် ၁၀၀၀၀၀ ခန့်မှာ ရေမှတစ်ဆင့် ကူးစက်သော ရောဂါများရရှိပြီး သေဆုံးကြရကြောင်း အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်သည့် တနင်္ဂနွေနေ့ထုတ် ဒေးလီးစတားသတင်းစာတွင် ဖော်ပြထားသည်။

ကျန်းမာရေးဌာန၏ တရားဝင် စာရင်းအင်းများအရ ရေမှတစ်ဆင့် ကူးစက်ရောဂါများ ခံစားရသော ကလေးလူငယ်ဦးရေမှာ နှစ်စဉ် ၆၅သန်းမျှရှိကြောင်း ထိုသတင်းစာက ဆက်လက်ဖော်ပြသည်။ ကမ္ဘာတွင် မြို့ပြများ ဖွံ့ဖြိုးကြီးထွားလာမှုနှင့် လူဦးရေတိုးပွားလာမှုများကြောင့် ကုလသမဂ္ဂက ချမှတ်ထားသည့် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးကိစ္စမှာ မဖြစ်နိုင်သည့် အနေအထားတွင် ရှိသည်ဟုဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# သဘာဝဘေးအန္တရာယ် သတင်းများ

## တရုတ်နိုင်ငံအလယ်ပိုင်း၌ မြေပြို ခြောက်ဦးသေဆုံး

**ချောင်ရှာ နိုဝင်ဘာ ၉**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် မြေပြိုခြင်းကြောင့် သောကြာနေ့မှ စနေနေ့ညပိုင်းထိ သေဆုံးသူ စုစုပေါင်း ခြောက်ဦးထိ ရှိလာသည်။

ပင်ကျန်းစီရင်စု ဟူအင်ဆင်ကျေးရွာတွင် သောကြာနေ့ ညနေ ၆ နာရီ၌ မြေပြိုသဖြင့် အိမ်တစ်လုံးပြိုကျရာမှ ခြောက်ဦးသေဆုံးပြီး အမျိုးသမီးတစ်ဦးဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တောင်နံရံများ ပဲ့ကျကာ မြေပြိုခြင်းဖြစ်ပွားခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

***အင်တာနက်။***



## နယူးဇီလန်နိုင်ငံ မြောက်ဘက်ကျွန်း၌ အင်အားပြင်း ငလျင်လှုပ်

**ဝယ်လင်တန် နိုဝင်ဘာ ၉**

နယူးဇီလန်နိုင်ငံ မြောက်ဘက်ကျွန်းတွင် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း၊ ယင်းသို့ ဖြစ်ပွားခြင်းကြောင့် သေကျေဒဏ်ရာရရှိခြင်းနှင့် ပျက်စီးခြင်း မရှိကြောင်း သိရသည်။

အဆိုပါ ငလျင်သည် ရိုတိုရူယာဒေသအနောက်ဘက် ကီလိုမီတာ၂၀ အကွာရှိ မြေအောက်အနက် ကီလိုမီတာ ၂၀၀ ကို ဗဟိုပြု၍လှုပ်သွားကြောင်း နယူးဇီလန်ဘူမိသိပ္ပံနှင့် နျူကလီးယားသိပ္ပံဌာနက ဖော်ပြသည်။

***အင်တာနက်။***

## ကျူးဘားကမ်းခြေသို့ ဟာရီကိန်းမုန်တိုင်းရောက်ရှိ

**ဟာဗားနား နိုဝင်ဘာ ၉**

ကျူးဘားနိုင်ငံကမ်းခြေသို့ နိုဝင်ဘာ ၇ ရက်က ပလိုမာဟာရီကိန်းမုန်တိုင်းရောက်ရှိလာကြောင်း၊ ယခုရာသီအတွင်း မုန်တိုင်းဒဏ်နှင့် အမြဲကြုံတွေ့နေရသော ဒေသတစ်ခုဖြစ်ကြောင်း အင်တာနက်သတင်းအရ သိရသည်။

မုန်တိုင်းတိုက်ခတ်ရန် နီးကပ်လာသောကြောင့် ကာမာကွေးနှင့် ဆန်တာကရုဇ်ဒယ်ဆာဒေသရှိ ဟမ်ရေဒီယို အသံလွှင့်ဌာနက ဆက်သွယ်ရေးလုပ်ငန်းအများအပြား ပြတ်တောက်ကုန်ကြောင်း အစီရင်ခံခဲ့သည်ဟု မီနာမီရှိ အမျိုးသား ဟာရီကိန်းဗဟိုက ပြောကြားသည်။ ဩဂုတ်လကုန်နှင့် စက်တင်ဘာလဆန်းကလည်း ကျူးဘားနိုင်ငံတွင် ဟာရီကိန်းမုန်တိုင်း နှစ်ခုဝင်ရောက်ခဲ့သည်။

ပြင်းအားအဆင့် ၄ ရှိ ပလိုမာမုန်တိုင်းသည် တစ်နာရီ ၁၁၅ မိုင်မှ ၁၄၅ မိုင်ထိ တိုက်ခတ်နေသည်။ မုန်တိုင်း၏ဗဟိုမှာ ကာမာကွေးဒေသ အရှေ့တောင်ဘက် ၃၅ မိုင်အကွာနှင့် ကာဘိုကရုဇ်ဒေသ မြောက်ဘက် မိုင် ၇၀ အကွာတွင် တည်ရှိပြီး မြောက်ဘက်သို့ တစ်နာရီ ၇ မိုင်နှုန်းဖြင့် ရွေ့လျားလျက်ရှိသည်ဟု ဆိုသည်။

***အင်တာနက်။***



# သီမ်းမြိုင်မြိုင် တန်ဆောင်တိုင်

**ပန်းတောင်း သန်းကြွယ်**

## ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်းကား မချုန်းမိုးသား၊ တိုင်ထိပ်ဖျားတွင် ငါးပါးကျိုးရှို၊ မီးပွင့်ညှို၍

**ဆည်သည်ရွာစား ဦးအောင်ကြီး**

တန်ဆောင်မုန်းလသည် မြန်မာလဆယ့်နှစ်လတွင် ရှစ်လမြောက်ဖြစ်သည်။ ပထမလဝက်သည် မိုးရာသီ၌ ပါဝင်ပြီး ဒုတိယလဝက်သည် ဆောင်းရာသီ၌ပါဝင်သည်။ မိုးနှောင်းဆောင်းအကူး ကြည်နူးဖွယ်ကာလဖြစ်သည်။ စပါးနှံများ သီးကင်းအဖြစ်ကိုလွန်၍ အနှစ်အခဲဝတ်ဆံကလေးများတင်းမာဖုံးလုံးလာချိန်ဖြစ်သောကြောင့် **"ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း"**ဟူ၍ ပြောစမှတ်ပြုကြသည်။

တန်ဆောင်မုန်းလသည် ဗေဒင်အလိုအရ ဗြိစ္ဆာရာသီဖြစ်သည်။ လမင်းသည် ကြတ္တိကာနက္ခတ်နှင့် ယှဉ်ပြိုင်ထွန်းပသည်။ တာရာမှာ ကျီးတာရာဖြစ်ပြီး ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ ပုဂံခေတ်က တန်ဆောင်မုန်းကို **"တန်ဆောင်မှုန်း"**ဟု ရေးသားခဲ့ပြီး အင်းဝခေတ်တွင် တန်ဆောင်မုန်းဟု ပြောင်းလဲရေးသားကြသည်။ တချို့က တန်ဆောင်မှုန်းဟူ၍ ရေးသားကြသေးသည်။

**'တန်'**မှာ နေရောင်၊လရောင်၊မီးရောင် စသော အလင်းရောင်ဟူ၍ အဓိပ္ပာယ်ရသည်။ **'ဆောင်'**ကားသယ်ဆောင်၊ ယူဆောင်၊ ခေါင်းဆောင်၊ ရှေ့ဆောင်စသည်တို့၌ပါသောပြုလုပ်သူဟူသောအနက်နှင့် ဟန်ဆောင်၊ ပုံဆောင်၊ ရုပ်ဆောင် စသည်တို့၌ပါသော ထင်ပေါ်ခြင်း၊ လင်းလက်ခြင်း၊ ဝင်းထိန်ခြင်းဟူသော အနက်အဓိပ္ပာယ်ဖြစ်သည်။ **'မှုန်း'**ကား ခြယ်မှုန်း၊ ချေမှုန်းတို့၌ပါသော အဓိပ္ပာယ် နှစ်မျိုးလုံးကို ယူနိုင်၏။ ထို့ကြောင့် တန်ဆောင်မုန်းလဟူသည် မီးရှူးမီးတိုင်ဆီမီးတို့ကို ထွန်းလင်းတောက်ပစေသောလ၊ အမိုက်မှောင်ကို မီးရှူး၊တန်ဆောင်ဖြင့် ဖျောက်လွှင့်ချေမှုန်းသောလပင်ဖြစ်သည်။

တန်ဆောင်တိုင်ဆိုသည်မှာ အလင်းရောင်ကို ယူဆောင်ထားသောတိုင်ဟု အဓိပ္ပာယ်ရသည်။ ရှေးခေတ်က မြန်မာတို့သည် နတ်ပြည်ရှိ စူဠာမဏိစေတီတော်အား ဆီမီးပူဇော်သည့် အဓိပ္ပာယ်ပေါ်လွင်စေရန် တိုင်မြင့်မြင့်ထိပ်ပေါ်တွင် ဆီမီးထွန်းညှိပူဇော်လေ့ရှိကြသည်။ ယခုအခါ မီးပုံးပျံမျိုးစုံဖြင့် မီးရှူးမီးပန်းများချိတ်ဆွဲလွှတ်တင်ကာ အံ့ဘနန်း ပူဇော်နေကြသည်။

**"လျှုကထိန်သင်္ကန်းနှင့် မဂ်လမ်းကိုတဲ့ဆုပန်ရွယ်"** ကြသည့် မြန်မာတို့သည် ကထိန်အလှူပွဲတော်ကို ရာသီပွဲတော်အဖြစ် ကျင်းပကြသည်။ ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် နှစ်စဉ်တန်ဆောင်မုန်းလရောက်တိုင်း ကထိန်ပွဲတော်ကို အစဉ်အလာမပျက် ကျင်းပခဲ့ကြသည်။ ကထိန်ဟူသည် ကထိန ဟူသောပါဠိက လာခြင်းဖြစ်ပြီး မြဲမြံခိုင်ခံ့သောအလုပ်၊ ဘုရားအစရှိသောသူတော်ကောင်းတို့က **"ကောင်းလေစွ၊ ကောင်းလေစွ"** ဟု ချီးကျူးထောမနာ ဩဘာပြုခံရသောအလုပ်ဟူ၍ အဓိပ္ပာယ် နှစ်မျိုးထွက်သည်။ ကထိန်ခင်းသဖြင့် ရဟန်းတော်များမှာ အာနိသင် အကျိုးငါးပါး မြဲမြံခိုင်ခံ့စွာရရှိ၏။ ထို့အတူ ကထိန်အလှူရှင်များမှာလည်း အာနိသင်အကျိုးငါးပါး မြဲမြံခိုင်ခံ့စွာရရှိလေသည်။

ရဟန်းတော်များရသော အာနိသင်ငါးပါးမှာ ဒါယကာတစ်ဦးဦးက ဘောဇဉ်ငါးပါးဘုဉ်းပေးရန် အပင့်ခံထားရသော ရဟန်းသည်အခြားဒါယကာတစ်ဦးဦးအိမ်သို့သွားလိုပါက အနီး၌ရှိသော ရဟန်းများကို မပန်ကြားဘဲသွားသော်လည်းအာပတ်မသင့်နိုင်ခြင်း၊တိစီဝရိတ်အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကို မယူဆောင်ဘဲသွားလိုရာသို့ လွတ်လပ်စွာသွားလာနိုင်ခြင်း၊ ရလာသမျှသောသင်္ကန်းများကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ ဝတ်ရုံဆင်မြန်းနိုင်ခွင့်ရှိခြင်း၊ မအပ်သောနည်းဖြင့်ဘောဇဉ်ငါးပါးဘုဉ်းပေးရန်အပင့်ခံထားရသောရဟန်းသည် လေးပါး၊ လေးပါးထက်ပိုသော ရဟန်းများ စုပေါင်းခံယူဘုဉ်းပေးနိုင်ခြင်း၊ ကထိန်ခင်းရာကျောင်းတိုက်အတွင်း အသစ်ရသော သံဃိကသင်္ကန်းများကို ကထိန်အာနိသင်ရသော ရဟန်းတော်တို့က သုံးစွဲနိုင်ခြင်းတို့ဖြစ်၏။

ကထိန်အလှူရှင်များရရှိနိုင်သော အကျိုးများမှာ သွားလေရာအရပ်သို့ အနှောင့်အယှက်မရှိ ဘေးရန်ကင်းစွာ သွားလာနိုင်ခြင်း၊ မိမိပိုင်ပစ္စည်းများ ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း၊ စားကောင်းသောက်ဖွယ် အထူးပေါများ၍ အစားအတွက်ဘေးမဖြစ်နိုင်၊ အဆိပ်မသင့်နိုင်ခြင်း၊ မိမိပိုင်ပစ္စည်းများ ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်း၊ စီးပွားရှာရာတွင် သူတကာထက်ထူး၍ အစုလိုက်အပုံလိုက် ရရှိခြင်းတို့ဖြစ်သည်။

**"ကထိန်ခင်း"**ဟူသည်မှာ ကထိန်အာနိသင် အကျိုးငါးပါးကို ဆိုင်ရာ ကျောင်းတိုက်ထဲ၌ ဖြန့်ခင်းလိုက်ခြင်းပင်ဖြစ်သည်။ ကထိန်ခင်းခြင်းကို ရဟန်းတော်များကသာ ဆောင်ရွက်ရသည်။ ဒါယကာ၊ ဒါယိကာမများက ကထိန်လျာသင်္ကန်းကို လှူရုံသာ လှူ၍ရသည်။ လှူရာမှာလည်း သံဃာကိုသာရည်စူး၍ လှူရ၏။ ပုဂ္ဂိုလ်ကို ရည်စူး၍ မလှူရပေ။ သင်္ကန်းသုံးထည်၊ တစ်ထည်ထည်ကိုသာ ကထိန်သင်္ကန်းအဖြစ် ရည်စူးလှူရသည်။ ထိုသင်္ကန်းကို ဉတ်ကမ္မဝါဖတ်၍ ကထိန်ခင်းရမည့်ရဟန်းအား အပ်နှင်းရ သောကြောင့် ဉတ်သင်္ကန်းဟုခေါ်၏။ ကထိန်ခင်းရာ၌လည်း သံဃာက သတ်မှတ်သော ရဟန်းတစ်ပါးတည်းကသာ ခင်းရ၏။

ဤလတွင် မသိုးသင်္ကန်းရက်လုပ်ပွဲတော်များကိုလည်း မြို့နယ်အသီးသီးရှိ ဘုရားဂေါပကအဖွဲ့များက ကြီးမှူး၍ကျင်းပပြုလုပ်ကြသည်။ အဖိတ်နေ့ညဦးမှ စတင်၍ ယှဉ်ပြိုင်ရက်လုပ်ကြရာ တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီ နေ့ချင်းပြီးရက်လုပ်၍ မသိုးသင်္ကန်းအဖြစ် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား လှူဒါန်းဆက်ကပ်ပူဇော်ကြလေသည်။ ရက်လုပ်ခြင်း၊ ဖြတ်တောက်ခြင်း၊ ချုပ်လုပ်ခြင်း၊ အတင့်အတယ်ဖြစ်စေရန် စက္ကူပန်းများ ကပ်ခြင်းတို့ကို ရက်ကန်းစင်တော်အဖွဲ့များအလိုက် စုပေါင်းညီညာစွာ ယှဉ်ပြိုင်လုပ်ဆောင်ကြခြင်းဖြစ်ရာ အလွန်နှစ်လိုဖွယ်ရာကောင်းသော မြင်ကွင်းဖြစ်သည်။ ဘုရားဝေယျာဝစ္စကို လုပ်ကိုင်စေတတ်ခြင်း၊ ရတနာသုံးပါးကို မမေ့မလျော့ပူဇော်သည့်ဓလေ့ ရရှိခြင်း၊ စုပေါင်းလုပ်ဆောင်တတ်သည့် ဓလေ့စရိုက်ကို ရရှိစေခြင်း၊ မြန်မာ့ရိုးရာဓလေ့ကို ထိန်းသိမ်းရာရောက်ခြင်း စသည့် အကျိုးတရားများကို ပေးစွမ်းနိုင်သဖြင့် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲများမှာအထူးစည်ကားလှသည်။

ဘုရားရှင်သည် အဇာတသတ်မင်းအား တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလသုတ္တန်တရားကို ဟောကြားတော်မူသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ကို **"သာမညဖလအခါတော်နေ့"**ဟု သတ်မှတ်ကျင်းပကြသည်။ သာမညဖလ၏အဓိပ္ပာယ်မှာ ရဟန်းပြုရခြင်း၏ အကျိုးပင်ဖြစ်သည်။ သာမညဖလသုတ်တော်သည် ရဟန်းသံဃာတော်များအတွက် ကြေးမုံမှန်ချပ်ကြီးတစ်ခုပင်ဖြစ်သည်။ ကိုယ်ကျင့်သီလရှိသည်၊ မရှိသည်ကို ဤသုတ်ဖြင့် ထင်ဟပ်စေနိုင်သည်။

အရှင်ဒေဝဒတ်အား ကိုးကွယ်ဆည်းကပ် ၊ ဆရာတင်မှုမှားခဲ့သော အာဇာတသတ်မင်းသားသည် ဖခင်ဘုရင် ဗိမ္ဗိသာရကို သတ်မိသည်အထိ အမှားကြီးမှားခဲ့ရာ ဖခင်ကြီးအား သတ်မိသည့်အချိန်မှစ၍ ညတိုင်း အိပ်မပျော်သောရောဂါ ဝေဒနာစွဲကပ်တော့သည်။ ထိုဝေဒနာကို ပျောက်ကင်းအောင် မည်သည့်သမားတော်၊ မည်သည့်ဆေးစွမ်းကောင်းကမျှ မကုသနိုင်တော့ပေ။ တန်ဆောင်မုန်းလပြည့်ည တစ်ညတွင် အာဇာတသတ်မင်းသည် မှူးမတ်ပေါင်းစုံညီစွာဖြင့် ညီလာခံသဘင် ဆင်ယင်ကျင်းပနေစဉ် ဆီးနှင်းမြူတိမ်သူရိန်မီးခိုး မှောင်မျိုးမသွန်း လပြည့်ဝန်းက ထွန်းလင်းသာယာနေသည်။ ကြည်နူးသာယာဖွယ် ကောင်းလှသည့် တန်ဆောင်မုန်းလပြည့်ည၏ အလှကိုခံစားရင်း ရင်တွင်းအပူမီးကို ငြိမ်းအေးစေနိုင်မည့် နည်းလမ်းများရရှိရန် တောင့်တမိလေသည်။ မှူးကြီးမတ်ကြီးများအား မည်သူ့ကို ချဉ်းကပ်ရလျှင် ကောင်းမည်နည်းဟု မေးမြန်းတိုင်ပင်ရတော့သည်။

ပုရာဏကဿပအစရှိသော တိတ္ထိဆရာကြီးများထံ ချဉ်းကပ်သင့်ကြောင်း မှူးကြီးမတ်ကြီးတို့၏ တင်ပြချက်ကို လက်မခံဘဲ ဆရာဇီဝကအား မေးတော်မူသည်။ ဆရာဇီဝက၏ အကြံပေးချက်အရ ဘုရားရှင်ထံ ချဉ်းကပ်ဖို့ရန် ဆရာဇီဝကကို စီစဉ်စေသည်။ အဇာတသတ်မင်း ဘုရားရှင်ထံ ဖူးမြော်ရန်သွားသောအချိန်မှာ တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်ဖြစ်သည်။ ရာဇဂြိုဟ်မြို့အနီး ဇီဝကသရက်ဥယျာဉ်၌ သီတင်းသုံးနေသော ဘုရားကျောင်းတော်သို့ သွားရာလမ်းခရီးတွင် ညချမ်းချိန်ဖြစ်ခြင်း၊ သစ်ရိပ်ဝါးရိပ်ကြောင့် အမှောင်ကျနေခြင်းတို့ကြောင့် လိုက်ပါသူအားလုံး မီးရှူးမီးတိုင် ကိုယ်စီကိုင်၍ သွားကြရသည်။ အဇာတသတ်နှင့်အခြံအရံများ တန်ဆောင်မုန်းလပြည့်ည၌ တန်ဆောင်တိုင် မီးထွန်းပွဲ ကျင်းပကြသကဲ့သို့ ဖြစ်လေသည်။

အဇာတသတ်မင်းသည် ဘုရားရှင်ဟောကြားသော သာမညဖလ တရားတော်ကို နာကြားရသဖြင့် အိပ်မပျော်သောရောဂါ လုံးဝပျောက်ကင်းသွားတော့သည်။ ရတနာသုံးပါးအပေါ် နှစ်နှစ်ကာကာယုံကြည်သွားလေသည်။ ပုထုဇဉ်တို့တွင် ရတနာသုံးပါးကို အကြည်ညိုဆုံးပုဂ္ဂိုလ်အဖြစ် ဧတဒဂ်ပေးခြင်းကိုပင် ခံယူရရှိသည်။ အဇာတသတ်မင်းသည် ပထမသင်္ဂါယနာတင် ဒကာအဖြစ်လည်း ခံယူခဲ့သည်။ ဘုရားရှင်၏ ဓာတ်တော်များကို စုဆောင်းသိမ်းဆည်း၍ ဓာတ်တော်တိုက်ကြီးကိုလည်း တည်ထားခဲ့သည်။ ဗုဒ္ဓသာသနာနှစ်ကိုလည်း အတိအကျသတ်မှတ်ပေးခဲ့သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ရှင်မာလဲပွဲကိုလည်း ကျင်းပကြသည်။ အရိမေတ္တေယျ ဘုရားအလောင်းနတ်သားက သီဟိုဠ်ကျွန်းသား ရှင်မာလဲမထေရ်အား တန်ဆောင်မုန်းလပြည့်နေ့တိုင်း လူအပေါင်းတို့အား ဝေဿန္တရာဇာတ်တော်ကို ဟောကြားပါရန် တောင်းပန်လျှောက်ထားသဖြင့် ရှင်မာလဲက ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောပြောသည်ကို အထိမ်းအမှတ်ပြု၍ ဝေဿန္တရာဇာတ်တော်ကိုဟောပြောခြင်း၊ လှော်ကားတော်ပုံပြု၍ လှော်ကားထက်တွင် အသီးတစ်ထောင်၊ အပွင့်တစ်ထောင်၊ ထမင်းထုပ်တစ်ထောင်၊ ဆီမီးတစ်ထောင်စသည်တင်ကာ လှူဒါန်းခြင်းဖြင့် ရှင်မာလဲပွဲကို ဆင်ယင်ကျင်းပကြသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ဆေးပင်အပေါင်းကို စောင့်သောနတ်တို့သည် မဲဇလီပင်စောင့်နတ်အား လာရောက်ခစားကြသည်။ ထို့ကြောင့်မဲဇလီပင်သည် ဆေးပေါင်းခသည်။ ထိုအချိန်မျိုး၌ မဲဇလီဖူးကို စားသုံးခဲ့သော် အနာမျိုး ၉၆ ပါးကင်းပြီး ဘုန်းကြီးသက်ရှည်နိုင်သည်ဟု ဆေးကျမ်းတို့တွင်ဖော်ပြပါရှိသည်။ ထိုအဆိုအတိုင်း ဘေးကင်းရန်ကွာကျန်းမာချမ်းသာရန် မဲဇလီဖူးသုပ်ကို စားသုံးကြသည်။

တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်မီးထွန်းပွဲ၊ ကထိန်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပွဲ၊ မဲဇလီဖူးသုပ်ဝေငှပွဲ၊ ရှင်မာလဲပွဲ၊ သာမညဖလအခါတော်နေ့ပွဲများ ကျင်းပကြလေသည်။

တန်ဆောင်မုန်းလသည် ရိုးရာပွဲတော်အများဆုံးလဟု ဆိုနိုင်သည်။ ခြေခင်းလက်ခင်းသာသော မိုးအနှောင်း ဆောင်းအကူးကာလဖြစ်ခြင်း၊ အာဇာနီကောင်းကင်ထက်တွင် မိုးတိမ်မိုးရိပ်တို့ကင်းစင်ခြင်း၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး မှောင်မျိုးမသွန်းသည့် လပြည့်ဝန်းအား သာယာကြည်နူးစဖွယ်တွေ့မြင်ရခြင်း၊ ဗုဒ္ဓဘာသာမြန်မာယဉ်ကျေးမှုပွဲတော်များ ဆင်ယင်ကျင်းပခြင်းတို့ကြောင့် မြန်မာတို့၏ သာယာပျော်ရွှင်ဖွယ်ကောင်းသော လတစ်လပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## သာမညဖလ မြတ်လှသုတ္တန်

* လပြည့်တန်ဆောင်မုန်း
သာတင့်ဆုံးချိန် ၊ မြူတိမ်ဆီးနှင်း
သန့်ရှင်းပြစ်မျိုး၊ မီးခိုးသူရိန်
စင်ကြယ်ချိန်ဖြစ်၊ ညစ်မျိုးငါးဝ
ကင်းစင်ပ၍၊ ရွှန်းမြကြည်လင်
ရှုချင်စဖွယ်၊ မွေ့လျော်ဖွယ်လှ
မေ့မရစရာ၊ ညပါတကားဟု
မှူးမတ်များရံ၊ ညီလာခံတွင်
ဘုရင်အဇာတသတ်၊ အထပ်ထပ်ချီးကျူး
ကြည်ညွတ်နူးသည်၊ အံ့ဖွယ်ထူးလှ
လပြည့်တန်ဆောင်မုန်းည. . . .။

* သာယာခညောင်း
ညပေါင်းများစွာ၊ သဒ္ဓါတော်ထက်
မအိပ်စက်နိုင်၊ လှံချက်ရာထောင်
ထိုးဆွယောင်သို့၊ မျက်တောင်ဖွင့်ပိတ်
လန့်ထိတ်ဝေဒနာ၊ ညတာလည်းရှည်
ရက်တွေရှည်လျား၊ မင်းသားအဇာတသတ်
အဖသတ်သည့်၊ မိုက်ဇာတ်မှားကြောင့်
စိုးနှောင့်ပန်းဟိုက်၊ ကံကြီးထိုက်ပြီ
မိုက်လုံးကြီးမားစွတကား. . . .။

* သမားဇီဝက
ကူစောင်မ၍၊ မြတ်ဗုဒ္ဓထံ
ဖူးမြော်ရန်သွား၊ တောတောင်ကြားလမ်း
မှောင်လွှမ်းခရီး၊ မီးရှူးတန်ဆောင်တိုင်
ကိုင်ဆောင်၍လျှင်၊ ဖူးမြော်ဝင်ကြ
ဇိနထံမှောက်၊ ခစားရောက်သော်
ရှင်တော်ဗုဒ္ဓ၊ ဟောညွှန်ပြသည့်
သာမညဖလ၊ မြတ်လှသုတ္တန်
ကျေးဇူးမှန်ကြောင့်၊ သံဃာ့ဂုဏ်ရည်
ကြည်ညိုလေးမြတ်၊ အဇာတသတ်သည်
မြတ်ရတနာ၊ ယုံကြည်လာဖြစ်
အပြစ်ကုစား၊ သံဝေပွားမိ
လပြည့်တန်ဆောင်မုန်း၊ မြတ်ဘုန်းဟောပြ
သာမညဖလ၊ သုတ်ဓမ္မအား
ညွတ်တွား ပူဇော်ကြပါကုန်. . . .။ ။

**ဦးအောင်မွန် (မဟာဝိဇ္ဇာ)**

**ဘုရားရှင်သည် အဇာတသတ်မင်းအား တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလသုတ္တန်တရားကို ဟောကြားတော်မူသည်။ ထို့ကြောင့်တန်ဆောင်မုန်းလပြည့်နေ့ကို "သာမညဖလအခါတော်နေ့" ဟု သတ်မှတ်ကျင်းပကြသည်။ သာမညဖလ၏အဓိပ္ပာယ်မှာ ရဟန်းပြုရခြင်း၏ အကျိုးပင်ဖြစ်သည်။ သာမညဖလသုတ်တော်သည် ရဟန်းသံဃာတော်များအတွက် ကြေးမုံမှန်ချပ်ကြီးတစ်ခုပင်ဖြစ်သည်။ ကိုယ်ကျင့်သီလ ရှိသည်၊ မရှိသည်ကို ဤသုတ်ဖြင့် ထင်ဟပ်စေနိုင်သည်။**

# ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအသီးသီးတွင် ဆီလျော်ကိုက်ညီသည့် နည်းပညာ အတတ်ပညာဆိုင်ရာများ တိုးတက်ထွန်းကားအောင် အလေးထားကြိုးပမ်း ပညာတတ် တောင်သူလယ်သမား ကျေးလက်လူငယ်များ ပေါ်ထွန်းအောင်ပျိုးထောင်

**အမှာစကား ပြောကြား**

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၇) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၁၀

**အခြေခံပညာ ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၇)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။**





သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါကဲ့သို့ နိုင်ငံ့အနာဂတ် သာလွန်ကောင်းမွန်ရေးအတွက် ရည်မှန်းချက်ရှိရှိဖြင့် တစ်မျိုးသားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသည့် ခေတ်ပြောင်းစနစ်ပြောင်း ကာလတစ်ရပ်ကို နိုင်ငံ့သမိုင်းနှင့်နှိုင်းယှဉ်လျှင် အလွန်တိုတောင်းလှသည့် လူ့ဘဝ၏ သက်တမ်းကာလအတွင်း တွေ့ဆုံကြုံကြိုက်ရန် အလွန်ပင်ခဲယဉ်းလှကြောင်း။

ယခုကဲ့သို့ နိုင်ငံ့သမိုင်း၏ တစ်ဆစ်တစ်ချိုးတွင် နိုင်ငံနှင့်လူမျိုးအကျိုးကို တစ်ထောင့်တစ်နေရာက ကိုယ်တိုင်ကိုယ်ကျ ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်သည့် ရတောင့်ရခဲသည့် အခွင့်အရေးနှင့် ကြုံကြိုက်သည့် အချိန်အခါတွင် မိမိတို့၏ ပညာရေးတာဝန်များကို တန်ဖိုးရှိရှိ ထိုက်ထိုက်တန်တန်အသုံးချပြီး နိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွား ရှင်သန်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တစ်ဦးချင်း၏ ကိုယ်စီကိုယ်စီသော တာဝန်သိစိတ်များ၊ အားထုတ်ကြိုးပမ်းမှုများ ညီညွတ်ပေါင်းစည်းပြီး အမျိုးသားရေး တာဝန်သိစိတ်နှင့် အမျိုးသားရေးအားမာန်များ ဖြစ်လာရသည်ဆိုသည့် ခံယူချက်ဖြင့် မိမိတို့၏နိစ္စဓူဝ တာဝန်ဝတ္တရားများကို သာမန်မျှသဘောမထားဘဲ ကျေကျေပွန်ပွန် တက်တက်ကြွကြွ ဆောင်ရွက်ပေးကြရန် တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံး ဖြန့်ကြက်ပြီး ကွက်ပြည့်စီမံခင်းကျင်းတည်ဆောက်ပေးနေသကဲ့သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် လူ့ဘောင်အဖွဲ့အစည်း၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများပါ ဟန်ချက်ညီညီ ဖြစ်ထွန်းလာစေရအောင် စီမံကိန်းများချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပညာရေးမြှင့်တင်မှုအစီအမံများကို အဓိကအခန်းကဏ္ဍ၌ ထားရှိပြီး ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအသီးသီးတွင် ဆီလျော်ကိုက်ညီသည့် နည်းပညာ၊ အတတ်ပညာဆိုင်ရာများ တိုးတက်ထွန်းကားလာစေရအောင် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သကဲ့သို့ မြန်မာလူမျိုးအများစုကြီး၏ အသက်မွေးဝမ်းကျောင်းမှုသည်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ထွန်းကားပြီး စက်မှုလယ်ယာစနစ် တိုးတက်ဖြစ်ထွန်းမှုနှင့်အတူ လယ်ယာကဏ္ဍက ရရှိသည့် အရင်းအနှီးများဖြင့် စက်မှုနိုင်ငံ ထူထောင်နိုင်စေရန် ဦးတည်ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးများမှ တစ်ဆင့် ပြည်သူအများစုကြီး၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန်နှင့် တိုင်းပြည်၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ကျေးလက်ကိုအခြေခံပြီး ညီညီမျှမျှ ဖွံ့ဖြိုးတိုးတက်လာစေရန်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းအခြေအနေ အချိန်အခါနှင့်အညီ စိုက်ပျိုးရေး မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းစနစ်များ ထွန်းကားလာစေရေး သဘာဝမြေဩဇာများ တီထွင်ထုတ်လုပ်အသုံးချနိုင်စေရေး ထွန်ယက်မှု၊ စိုက်ပျိုးမှု၊ ရိတ်သိမ်းမှု၊ ခြွေလှေ့မှု၊ သိုလှောင်မှုအဆင့်ဆင့်တွင် စက်ကိရိယာများ အသုံးချနိုင်စေရေးစသည့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ထွန်းကားမှုနှင့် တစ်ဆက်တည်းမှာပင် ကျေးလက်စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သည့်မွေးမြူရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးကို ထိထိရောက်ရောက် အထောက်အကူဖြစ်စေနိုင်မည့် အတတ်ပညာနည်းပညာဆိုင်ရာ တိုး တက်မှုများကို ပညာရေးကဏ္ဍက တစ်ဆင့် ဖန်တီးပေးနိုင်ရမည် ဖြစ်ကြောင်း။

အထူးသဖြင့် ခေတ်မီစက်မှုလယ်ယာစနစ်နှင့် နိုင်ငံတကာအဆင့်မီ စိုက်ပျိုးရေး၊ မွေးမြူရေးစနစ်များကို လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်မည့် ပညာတတ် တောင်သူလယ်သမား လူငယ်များ၊ ကျေးလက်လူငယ်များ ပေါ်ထွန်းလာစေရအောင် ပညာရေးကဏ္ဍက လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် လိုအပ်ပါကြောင်း။

အလားတူ တိုးတက်ဖြစ်ထွန်းစပြုနေပြီဖြစ်သည့် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်မှုနည်းပညာ၊ အတတ်ပညာ အခြေခံသည့် စက်မှုလုပ်ငန်းကြီးများတွင် ခေတ်မီစက်ကိရိယာများကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်အသုံးချနိုင်သည့် ကျွမ်းကျင်လုပ်သားများ၊ ယင်းကျွမ်းကျင်လုပ်သားများကို အတတ်ပညာ၊ နည်းပညာနှင့် စီမံခန့်ခွဲမှုပညာအရ ဦးဆောင်မှုပေးနိုင်မည့် သီအိုရီရော လက်တွေ့ပါ တတ်သိနားလည်သည့် အငယ်တန်းစီမံခန့်ခွဲသူများ လုံလုံလောက်လောက် ဖြည့်တင်းပေးနိုင်စေရအောင် ပညာရေးကဏ္ဍက စီမံဆောင်ရွက်ပေးရမည့် အချိန်ကိုရောက်ရှိနေပြီဖြစ်ကြောင်း။

ယင်းသို့ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍတို့၏ တိုးတက်ဖြစ်ထွန်းမှုနှင့် ဆီလျော်ကိုက်ညီစွာ ခေတ်မီအတတ်ပညာ၊ နည်းပညာ တတ်သိကျွမ်းကျင်သည့် မျိုးဆက်သစ်များ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်မှသာ အဆင့်မြင့် စက်မှုလယ်ယာလုပ်ငန်းများ၊ ခေတ်မီနည်းစနစ်သုံး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် နိုင်ငံတကာအဆင့်မီ စက်မှုကုန်ထုတ်လုပ်ငန်းကြီးများ ဖြစ်ထွန်းလာပြီး မျှော်မှန်းသည့် စက်မှုနိုင်ငံကြီးလည်း ပေါ်ထွန်းလာမှာ အမှန်ပင်ဖြစ်ကြောင်း။

ယင်းရည်မှန်းချက်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် အထူးဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ဖွံ့ဖြိုးရေးအထူးဒေသစီမံကိန်းများ ချမှတ်ပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ယခုအခါတွင် ထင်ရှားသည့် အကျိုးရလဒ်ကောင်းများလည်း တွေ့မြင်နေရပြီဖြစ်ကြောင်း။

ထို့ကြောင့် ယင်းတိုးတက်ဖြစ်ထွန်းမှုများတွင် အံဝင်ခွင်ကျ ဝင်ရောက်လုပ်ကိုင်နိုင်မည့် ခေတ်မီနည်းပညာ အတတ်ပညာတတ်သိကျွမ်းကျင်သူများကို အချိန်နှင့်တစ်ပြေးညီ မွေးထုတ်ပေးနိုင်စေရေး ပညာရေးကဏ္ဍက စီမံဖန်တီးပေးကြရန် လိုအပ်နေပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅၀၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၁၁-၂၀၀၈ (အင်္ဂါနေ့)**

**၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် (အဖိတ်နေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အတီးပြိုင်ပွဲ
- ၇း၅၀ ၅။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈း၀၀ ၆။ **ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ (မေသန်းနု၊ ပန်းဖြူ၊ ကျော်ဇေယျ၊ ဦးခိုင်တင်၊ ဖူးချစ်) [ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးဝိုက်)]**
- ၈း၁၀ ၇။ တန်ဆောင်တိုင်တေးများ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ အကပြိုင်ပွဲ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃း၁၅ ၁။ တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ (မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်)
- ၅း၂၅ ၂။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၀ ၄။ မိုးလေဝသအခြေအနေ
- ၆း၁၅ ၅။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၅၅ ၆။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၂၀ ၇။ **နိုင်ငံခြား ဇာတ်လမ်းတွဲ 'စူပါမင်းနှင့် မာနရှင်"(အပိုင်း-၆)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်"(အပိုင်း-၂၆) (ဇာတ်သိမ်း)**
- ၁၂။ အစီအစဉ်ပြီး၏။

## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၇ခုနှစ် သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု (၁၃)မှုတွင် ရောင်းချသူ(၁၁)ဦးအား အနည်းဆုံးထောင်ဒဏ်(၂)နှစ်မှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိ ပြစ်ဒဏ်ချမှတ် အရေးယူခဲ့သည်။ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်သူ နှစ်ဦးအား အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် နှစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၈ခုနှစ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**




**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်နှင့် အရိုးရောဂါပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဗိုလ်မှူးချုပ်ထွန်းထွန်းတို့ အရိုးအထူးကု ဆရာဝန်များ ဒုတိယအကြိမ် နှစ်လယ်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

# အရိုးအထူးကုဆရာဝန်များ ဒုတိယအကြိမ် နှစ်လယ်ညီလာခံ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

**မြန်မာနိုင်ငံ ဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့၏ အရိုးအထူးကုဆရာဝန်များ ဒုတိယအကြိမ် နှစ်လယ်ညီလာခံကို နိုဝင်ဘာ ၆ရက်နှင့် ၇ရက်တို့တွင် ဧရာဝတီတိုင်း ငွေဆောင်ကမ်းခြေ Sunny Paradise Hotel ၌ ကျင်းပရာ နိုင်ငံတစ်ဝန်းရှိ အရိုးအထူးကုဆရာဝန်ပေါင်း ၁၀၀ကျော်တက်ရောက်ကြသည်။**

၂၀၀၈ခုနှစ် နိုဝင်ဘာ ၆ရက် နံနက်ပိုင်းတွင် ဟိုတယ်အဝင်ဝရှိ ညီလာခံမုခ်ဦး၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဦးကျော်မြင့်နိုင်နှင့် အရိုးရောဂါ ပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဗိုလ်မှူးချုပ် ထွန်းထွန်းတို့က ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေ၊ ပါမောက္ခ ဦးကျော်မြင့်နိုင်နှင့် ပါမောက္ခဗိုလ်မှူးချုပ် ထွန်းထွန်းတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း အရိုးရောဂါပညာ အဖွဲ့မှလှူဒါန်းသည့် ဧရာဝတီတိုင်း လေဘေးအတွက် အိမ်နှစ်လုံး ဆောက်လုပ်ရန် အလှူငွေကျပ် ၁၂ သိန်းကို ပါမောက္ခ ဗိုလ်မှူးချုပ် ထွန်းထွန်းက တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေထံ ပေးအပ်သည်။

အရိုးအထူးကု ဆရာဝန်များ ဒုတိယအကြိမ် နှစ်လယ်ညီလာခံ တွင် ပညာရပ်ဆိုင်ရာ သုတေသန စာတမ်း ၁၁ စောင်၊ အရိုးပွရောဂါ အကြောင်းဆွေးနွေးပွဲ၊ နာကျင်မှု ဝေဒနာအကြောင်း ဆွေးနွေးပွဲတို့ အပြင် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် အစီအစဉ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း China New Era Co., Ltd. နှင့် DS-70 Engine အဆင့်မြှင့်တင်ရေးကိစ္စ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

အမှတ် (၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား China New Era Co., Ltd. မှ Director, Mr. Shou Jinsong ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာ ၁၀ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်း၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် China New Era Co., Ltd. တို့ပူးပေါင်း၍ 6.5 Ton TE-21 Truck Engine ဖြစ်သည့် DS-70 Engine Modification ပြုလုပ်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား China New Era Co.,Ltd မှ Director Mr. Shou Jinsong နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများ တတိယအကြိမ် ပုံမှန်ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၆ရက်မှ ၁၀ရက်အထိ မြန်မာနိုင်ငံသို့ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်ယုံအီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။**

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီး မစ္စတာကင်ယုံအီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့နှင့် တွေ့ဆုံခဲ့သည်။

နိုဝင်ဘာ ၈ရက် ညနေပိုင်းတွင် ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက သင်္ဂဟဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

နိုဝင်ဘာ ၉ရက်တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး မစ္စတာကင်ယုံအီး ခေါင်း ဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သည် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်း ဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နှင့် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး ဌာနများအကြား တတိယအကြိမ် ပုံမှန်ညှိ နှိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ သည်။

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေး၊ ကုန်သွယ် ရေး၊ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ ကောင်စစ် ရေးရာနှင့် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု များကို ရင်းနှီးစွာ ဆွေးနွေးအမြင် ချင်းဖလှယ်ခဲ့ကြသည်။ ဆွေးနွေးပွဲ အပြီးတွင် ပြည်ထောင်စု မြန်မာ နိုင်ငံတော်အစိုးရနှင့် ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား သံတမန်နှင့် ဝန်ထမ်း/အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူတို့အား ပြည်ဝင်ခွင့် ဗီဇာ ကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေး ထိုးပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ နှစ်ဖက်ဒုတိယဝန်ကြီး များက လက်မှတ်ရေးထိုးခဲ့ကြ သည်။

ဧည့်သည်တော် ဒုတိယဝန်ကြီး နှင့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင် ဘာ ၆ရက်တွင် ရန်ကုန်မြို့နှင့် နိုဝင်ဘာ ၇ရက်တွင် မန္တလေးမြို့ အတွင်း လှည့်လည်ကြည့်ရှု လေ့လာ ခဲ့ကြသည်။

(သတင်းစဉ်)

**နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး ဌာန ဒုတိယဝန်ကြီး မစ္စတာ ကင်ယုံအီးတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံ အစိုးရတို့အကြား သံတမန်နှင့် ဝန်ထမ်း/အထူး နိုင်ငံကူး လက်မှတ်ကိုင်ဆောင် သူတို့အား ပြည်ဝင်ခွင့်ဗီဇာကင်း လွတ်ခွင့်ပေးရေးဆိုင်ရာ သဘော တူစာချုပ်ကို လက်မှတ်ရေးထိုး ကြစဉ်။** (သတင်းစဉ်)




* ရင်သွေးငယ်များ ကျန်းမာဖို့
အကောင်းဆုံးသည် မိခင်နို့။
* မိခင်နို့ဖြင့် မလုံလောက်လျှင်
နွားနို့၊ဆိတ်နို့ အသုံးဝင်။
* အစဉ်ကျို့ချက် တိုက်ကျွေးပေး
အသင့်မြတ်ဆုံး ကျန်းမာရေး။

## မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၀**

"သာမညတောင် ဆရာတော် ကြီး၏ ထူးခြားသောလက္ခဏာတော်" သတင်းဆောင်းပါး ပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၅၁)ကို ယနေ့ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာ နယူးစ်ဝိခ်ဂျာနယ်တွင် ပြည်တွင်း ကား ရောင်းဝယ်ရေး ဈေးကွက် အရောင်းမသွက်၊ ပြည်ပအလုပ် အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခု ကြောင့် မြန်မာနိုင်ငံသား (၂၀) စင်ကာပူတွင် ဒုက္ခတွေ့ရ၊ ခိုးယူသွား သော ကျောက်မျက်ရတနာများ ပြန်လည်ရရှိရာ၌ မြန်မာ့အဖိုးတန် ပတ္တမြား Prince of Myanmar ပါဝင်၊ မြန်မာ-တောင်ကိုရီးယား ကုမ္ပဏီများ ဇီဝဒီဇယ်ဆီပူးပေါင်း ထုတ်လုပ်မည်၊ မိုးဟေကိုက ချစ်သူ ရဲ့ စိတ်ဓာတ်ကို လေးစားတယ်လို့ ပြောတယ်၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ MPT Satellite Terminal နှင့် MPT ADSL 2+ တို့အားလျှော့က်ထားနိုင်၊ တောင်ကို ရီးယား အကူအညီပေးရေး အေဂျင် စီမှ မြန်မာနိုင်ငံစက်မှု သိပ္ပံကျောင်း များစီမံကိန်းအား ကူညီရန်ရှိ၊ မြန်မာ့ အော်ဂဲနစ် ရေထွက်စားသောက် ကုန်ပစ္စည်းများ မလေးရှားမှ ဈေး ကြီးပေးဝယ်ရန်အသင့်ရှိ၊ ပါမောက္ခ ဒေါက်တာမြသိန်းဟန်၏တံတွေးအိတ် ကင်ဆာသိကောင်းစရာ၊ ပါမောက္ခ ဒေါက်တာဦးသံစစ်၏ ဆရာတစ်သက် လူနာတစ်သက်၊ အိမ်ထောင်မှုဆေး မင်ရည်စုတ်ထိုးသည့် ကိစ္စရပ်များ၊ အဆောက်အအုံသစ် မဆောက် လုပ်မီ အခွန်ဆောင်ရမည့်အစား အဆောက်အအုံသစ် ဆောက်လုပ် ပြီး BCC လျှောက်ထားသည့်အခါမှ အခွန်ဆောင်ရမည့်စနစ်ကို ပြန်လည် ကျင့်သုံးမည်၊ ဦးကျော်ဟိန်း အိမ် သံယောဇဉ် ဖြတ်လိုက်ပြီ၊ မိုင်းတုံ မြို့နယ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့၊ ဖမ်းဆီးရမိရေယာဉ် များ လေလံပစ်မည်၊ YCDC မှ ထောက်ကြန့်တွင် Bio Fertilizer သုံး၍ ဆောင်းသီးနှံများကို စိုက်ပျိုး၊ စင်ကာပူတွင် Wong နှင့် Engmech ဆောက်လုပ်ရေး ကုမ္ပဏီမှနိုင်ငံခြား သားအလုပ်သမားများ အလုပ်ဖြုတ် ခံနေရ စသည့် ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ် ဂျာနယ်အား အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေ ဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ (သတင်းစဉ်)

☆ **ကာကွယ်ရေးမှ**

ဆက်လက်၍ ဗိုလ်ချုပ် သာအေးသည် ထားဝယ်မြို့ အောင်ဆန်းခန်းမ၌ ထားဝယ်တပ်နယ်မှအရာရှိ၊ အရာခံ၊ အကြပ် စစ်သည်မိသားစုများနှင့်လည်းကောင်း၊ ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှူး ကော်မတီဝင်များနှင့်လည်းကောင်း၊ ညပိုင်းတွင် တိုင်း၊ ခရိုင်နှင့် မြို့နယ် လမ်း၊ တံတားကြီးကြပ်မှု ကော်မတီဝင်များနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ **ကျောဖုံးမှ**

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်စွမ်းရှိကြောင်း၊ အလွန်သေးငယ်သည့် ဆိုလာဆဲလ်များကို နေရောင်ခြည်ရရှိနိုင်သော မည်သည့်နေရာတွင်မဆို ထားရှိက ညလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာ့အသေးငယ်ဆုံး ဆိုလာဆဲလ်ကိရိယာကို မိုက္ကရိုအီလက်ထရိုမက္ကယ်နီကယ်စနစ်သုံး ကိရိယာဟုခေါ်တွင်ပြီး ဓာတုဗေဒယိုစိမ့်မှုရှိ၊ မရှိ စောင့်ကြည့်သည့် ကိရိယာများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

*အင်တာနက်။*





# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဇီဝဓာတ်ငွေ့ကန်များတည်ဆောက်၍ အသုံးဝင်မှုများ လက်တွေ့သရုပ်ပြရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

**နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်တပ်ကုန်းမြို့နယ် ဝံပျံကျေးရွာအနီး စိုက်ပျိုးရေးခြံ၌ ကျင်းပသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ဇီဝဓာတ်ငွေ့သုတေသနအဖွဲ့၏ ဇီဝဓာတ်ငွေ့ကန်များတည်ဆောက်၍ အသုံးဝင်မှုများအား လက်တွေ့သရုပ်ပြရှင်းလင်းပွဲသို့ တက်ရောက်သည်။**

အဆိုပါအခမ်းအနားသို့ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ နေပြည်တော် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)မှ ဇီဝဓာတ်ငွေ့ သုတေသနအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာနည်းပညာတက္ကသိုလ်(ကျောက်ဆည်) ဇီဝဓာတ်ငွေ့ သုတေသနဌာနမှ ကထိကဒေါ်စိုးစိုးအုန်းက ဇီဝဓာတ်ငွေ့ကန်များ တည်ဆောက်ရခြင်း၏ရည်ရွယ်ချက်၊ ဓာတ်ငွေ့ကန် တည်ဆောက်မှု အဆင့်ဆင့်နှင့် ကျေးလက်နေ ပြည်သူများအတွက် လက်တွေ့အသုံးဝင်အကျိုးရှိပုံများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားရာတွင် ယခုပြသသည့် ဓာတ်ငွေ့ကန်သည် တောင်သူများအတွက် မီးရရှိရုံသာမက ထမင်းဟင်းချက်ရာတွင် ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုနိုင်ကြောင်း၊ ထို့ပြင် စွန့်ပစ်ပစ္စည်းများအား မြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ပြီး တည်ဆောက်ရာတွင် ငွေကြေးကုန်ကျစရိတ်နည်းပါးသဖြင့် ဘက်စုံအသုံးဝင်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ပြသသည့်စနစ်များသည်လည်း တောင်သူများအတွက် လက်တွေ့အသုံးဝင် အကျိုးရှိသဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒေသခံတောင်သူများ၏ မေးမြန်းမှုများကို နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ဇီဝဓာတ်ငွေ့သုတေသနဌာနမှ ကထိက ဒေါ်စိုးစိုးအုန်းက ပြန်လည်ဖြေကြားရှင်းလင်းသည်။

ဆက်လက်၍ ဒေသခံတောင်သူများအား ဇီဝဓာတ်ငွေ့လက်တွေ့ ထုတ်လုပ်၍ တိုက်ရိုက်မီးသီးထွန်းမှု၊ ထမင်း/ဟင်း ချက်ပြုတ်မှုများ၊ ဓာတ်ငွေ့ကို အသုံးပြု၍ အင်ဂျင်လည်ပတ်ကာ မီးသီး၊ မီးချောင်းနှင့်တီဗွီအသုံးပြုမှုများကို လက်တွေ့ရှင်းလင်းပြသသည်။

နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ ကျေးရွာ(၁၀)ရွာတွင် ကျေးရွာဘက်စုံသုံး ဇီဝဓာတ်ငွေ့ကန်များကို မကြာမီကာလအတွင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဒေသခံတောင်သူများ နေပြည်တော် တပ်ကုန်းမြို့နယ် ဝံပျံကျေးရွာအနီး စိုက်ပျိုးရေးခြံ၌ ကျင်းပသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနည်းပညာတက္ကသိုလ်(ကျောက်ဆည်) ဇီဝဓာတ်ငွေ့သုတေသနအဖွဲ့၏ ဇီဝဓာတ်ငွေ့ကန်များတည်ဆောက်၍ အသုံးဝင်မှုများအား လက်တွေ့သရုပ်ပြမှုကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)



**နေရောင်ခြည် စွမ်းအင်ထုတ်လုပ်ရေး ဆဲလ်များကို သုတေသနပြုနေသော သိပ္ပံပညာရှင်တစ်ဦး။**

*(ဓာတ်ပုံ-အင်တာနက်)*

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ကချင်ပြည်နယ်ဘဏ်ခွဲများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းသည် နိုဝင်ဘာ ၃ရက်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ ဗန်းမော်ဘဏ်ခွဲဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးသည် ဗန်းမော်၊ ရွှေကူ၊ မြစ်ကြီးနား၊ မိုးကောင်းနှင့် မိုးညှင်းမြို့နယ်တို့မှ ဘဏ်ဝန်ထမ်းများနှင့် တွေ့ဆုံကာ ၂၀၀၈ မိုးချေးငွေ ပြေကျေရေး၊ စီးပွားရေးဘဏ်ချေးငွေများ အပြေအကျေပေးဆပ်ရေး၊ လက်တွန်းထွန်စက်ချေးငွေများကို အရစ်မကျန်အောင် ကောက်ခံရေး၊ ငွေကြေးဆုံးရှုံးမှု မပေါ်ပေါက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● **နန်နင်းကုန်စည်ပြပွဲမှ**

ပြည်သူလူထုအတွက် ဖြစ်ရမည်ဟူသော ရည်ရွယ်ချက် ပေါ်လွင်အောင် မြန်မာ ICT ပြခန်းက ပြသနိုင်ခဲ့သောကြောင့် အကောင်းဆုံးပြခန်းဆုကို ရရှိခဲ့ခြင်းဖြစ်ပြီး အကောင်းဆုံး လုပ်ငန်းများစုစည်းနိုင်မှုဆုကိုမူ စီးပွားရေးလုပ်ငန်းများကိုတစ်ခုချင်းမဟုတ်ဘဲ စားသောက်ကုန်၊ ဒေသထွက်ကုန်၊ သယံဇာတပစ္စည်းများ စသည်အလိုက် စုစည်းပြသနိုင်ခဲ့သောကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းနန်နင်းကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံက ၂၀၀၆ခုနှစ်မှစ၍ ဆုများရရှိခဲ့ကြောင်း သိရသည်။

(၅)ကြိမ်မြောက် နန်နင်းကုန်စည်ပြပွဲတွင် အကောင်းဆုံး ပြခန်းဆုနှင့် အကောင်းဆုံး လုပ်ငန်းများစုစည်းနိုင်မှုဆုတို့ကို ထူးထူးခြားခြား ဆွတ်ခူးရရှိခဲ့မှုနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းတည့် ၁၂နာရီက မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း အထွေထွေမန်နေဂျာ ဦးတင့်လွင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ပြပွဲအတွက် ပြင်ဆင်ဆောင်ရွက်ခဲ့ရမှု၊ သွားရောက်ပြသရသည့် ရည်ရွယ်ချက်များ၊ ဆုရရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များက ရှင်းလင်းဆွေးနွေးကြပြီးတက်ရောက်လာသော စာနယ်ဇင်းများကသိလိုသည်များကိုမေးမြန်းကြသည်။

မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း အထွေထွေမန်နေဂျာ ဦးတင့်လွင်က "ယခု နန်နင်းကုန်စည်ပြပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့်ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းကာ သွားရောက်ပြသခဲ့ခြင်းဖြစ်ကြောင်း၊ ယခုပြပွဲတွင် ICT ပြပွဲမှာ ပထမဦးဆုံးပါဝင်လာ၍ မိမိတို့က အဆင့်မီမီ ပြသနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ပြပွဲ၏ ရည်ရွယ်ချက်ဖြစ်သည့် ICT ဖွံ့ဖြိုးတိုးတက်မှုမှာ ပြည်သူလူထုအတွက်ဆိုသည့်အတိုင်း ဆက်သွယ်ရေး လုပ်ငန်းများကို နယ်စွန်နယ်ဖျားအထိရောက်ရှိအောင် ဆောင်ရွက်မှုများကို ပြသခဲ့ကြောင်း၊ ယင်းပြပွဲတွင် ရတနာပုံမြို့သစ် စီမံကိန်းနှင့် ပတ်သက်ချက်များကိုပြသခဲ့ပြီး ယင်းရတနာပုံ Teleport ၌ ဆောင်ရွက်မည့်ကိစ္စရပ်များကို ပြသခဲ့ကြောင်း၊ အဓိကမှာ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ရရှိရန်အတွက် ဖြစ်ကြောင်း၊ ရတနာပုံ Teleport မှ ထုတ်လုပ်မည့် ကျေးလက်သုံးဖုန်းအကြောင်းကိုပြသခဲ့ပြီး ယင်းပြခန်းတွင် ကျေးလက်နေ အိမ်ပုံစံတည်ဆောက်ကာ ကျေးလက်ပုံစံကျအောင် အသုံးအဆောင် ပစ္စည်းများကိုလည်း တစ်ခါတည်း ယူဆောင်သွားခဲ့ကြောင်း၊ ယင်းအိမ်လေးတွင် ICT နည်းပညာ အသုံးပြု၍ ထားသည့် ဖုန်းများ၊ အင်တာနာများ တပ်ဆင်ပြသခဲ့ကြောင်း၊ ICT နည်းပညာဖြင့် ဝေးလံခေါင်ဖျားသည့် နေရာအထိ ဆက်သွယ်ရေးများ ဖွံ့ဖြိုးအောင် ဆောင်ရွက်နေမှုများကို ပြသခဲ့ကြောင်း၊ ထို့အပြင် ရတနာပုံမြို့တော် စီမံကိန်း၏ ရှုခင်းများ၊ အနှစ်သာရများကို တီဗွီများဖြင့် ပြသခဲ့ကြောင်း၊ ပြပွဲ၏ ရည်ရွယ်ချက် ထိမိအောင် ပြသနိုင်ခဲ့၍ အကောင်းဆုံးပြခန်းဆုကို ရရှိခဲ့သလို လာရောက်သူတိုင်းကလည်း စိတ်ဝင်တစားနဲ့ လေ့လာခဲ့ကြကြောင်း။ မိမိတို့ ICT ပြခန်းမှာ ကြီးကျယ်မှုသိပ်မရှိသော်လည်းထိရောက်အောင် ပြသနိုင်ခဲ့သလို ပရိသတ်များ အမြင်ဆန်းအောင်နှင့် သဘာဝကျအောင် ပြသနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ဆုတံဆိပ်ရရှိခဲ့၍ နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်ခဲ့ခြင်းဖြစ်ပြီးဝမ်းသာဂုဏ်ယူမိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က "မိမိတို့မြန်မာနိုင်ငံအနေဖြင့်နန်နင်းကုန်စည်ပြပွဲကို ငါးနှစ်ဆက်တိုက် သွားရောက် ပြသခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းပြပွဲတွင် ဆုနှစ်ဆုရရှိခဲ့သလို ငါးနှစ်ဆက်တိုက်ပြသခဲ့၍လည်း စလွယ်နှင့် ဆုတံဆိပ် ချီးမြှင့်ခံခဲ့ရကြောင်း၊ ယခုပြပွဲတွင် ပြသခဲ့သော မိမိတို့ကုန်စည်ပြခန်းကို လာရောက်သူအားလုံးစိတ်ဝင်စားကြသလို မိမိတို့နိုင်ငံ၏ ကျေးလက်ဓလေ့ထုံးစံများကိုလည်း ပြသနိုင်ခဲ့ကြောင်း ကမ္ဘာလှည့်ခရီးသည်များစိတ်ဝင်စားသည့် နေရာဒေသများကိုလည်း ပြသခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့်ပြခန်းများမှာ ပရိသတ် စိတ်ဝင်စားမှုများခဲ့ပြီး အာဆီယံနိုင်ငံများတွင်လည်းအကောင်းဆုံးဖြစ်ခဲ့ကြောင်း၊ နောင်နှစ်များတွင်ဆုများရရှိအောင်နှင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




**(၅)ကြိမ်မြောက် တရုတ်-အာဆီယံနိုင်ငံများ၏ နန်နင်းကုန်စည်ပြပွဲတွင်ပြသထားသည့် မြန်မာနိုင်ငံမှပြခန်းအားကြည့်ရှုလေ့လာနေကြစဉ်။**





ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် သရက်-ပွင့်ဖြူ လမ်းပိုင်းတစ်လျှောက် ရထားလမ်းဖောက်လုပ်ရန် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြံခင်း-ပခုက္ကူ (သရက်-ပွင့်ဖြူ)ရထားလမ်းပိုင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ လိုက်ပါလျက် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် မကွေး-မင်းလှ မော်တော်ယာဉ်လမ်း မိုင်တိုင်(၁၆/၄)ရှိ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း (သရက်-ပွင့်ဖြူလမ်းပိုင်း) ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များအား မြန်မာ့မီးရထား အင်ဂျင်နီယာဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ (မြို့ပြ) ဦးသန်းဌေးက သရက်-ပွင့်ဖြူလမ်းပိုင်းနှင့် စပ်လျဉ်း၍ ရထားလမ်းဖောက်လုပ်ရန် မြေတူးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ခင်ဇော်က သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်း ပြည့်မီရေးတို့ကို မှာကြားသည်။**

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် သရက်-ပွင့်ဖြူ လမ်းပိုင်းတစ်လျှောက် စက်ယန္တရားကြီးများဖြင့် ရထားလမ်းဖောက်လုပ်ရန် လမ်းမြေတူးခြင်း အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ ကြံခင်း-ပခုက္ကူ ရထားလမ်းသစ် ဖောက်လုပ်ပြီးစီးပါက ဧရာဝတီတိုင်း ပုသိမ်မြို့မှ မကွေးတိုင်း ပခုက္ကူမြို့အထိ တိုက်ရိုက်သွားလာနိုင်မည်ဖြစ်ပြီး ပခုက္ကူမြို့မှတစ်ဆင့် ဂန့်ဂေါနှင့် ကလေးမြို့များသို့လည်းကောင်း၊ ပခုက္ကူ ချောင်းဦး၊ မုံရွာ၊ ရေဦးနှင့် ခင်ဦးမြို့များမှတစ်ဆင့် မြန်မာပြည်မြောက်ပိုင်းရှိ မြစ်ကြီးနားမြို့အထိလည်းကောင်း သွားလာနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မကွေး-နတ်မောက်-ပျော်ဘွယ် လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး နတ်မောက်မြို့နယ် ကျောက်တန်းကျေးရွာအုပ်စု စိုင်ခေါင်းကျေးရွာရှိ တောင်သူဦးချိုဝင်း၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါ တစ်ဧကခွဲ စိုက်ခင်းနှင့် တောင်သူဦးသန်းရွှေ၏ ပဲစင်းငုံ နှစ်ဧကခွဲ စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်ခင်ဇော်က ဒေသခံတောင်သူများအား ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် နတ်မောက် - ပျော်ဘွယ်လမ်းမှတစ်ဆင့် ရန်ကုန်-မန္တလေး လမ်းအတိုင်း ဆက်လက်ထွက်ခွာကြရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)



# ဝန်ကြီးဗိုလ်ချုပ်စောလွင် မြောက်ဦးမြို့နယ်နှင့် မောင်တောခရိုင်အတွင်း လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၀

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် နိုဝင်ဘာ ၄ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရေး၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး မြို့နယ်ရုံး မှတ်တမ်းခန်းအတွင်း မှတ်တမ်းဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီးသည် နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မောင်တောမြို့နယ် ကျီးကန်းပြင်ရှိ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဌာနချုပ်၏ မှတ်တမ်းခန်း၌ ဒေသတွင်း လူဦးရေနှင့် အိမ်ထောင်စုများဆိုင်ရာ စာရင်းဇယားမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးသည် နေမျိုးခန်းမ၌ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်ရှိ ဝန်ထမ်းများအားလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မောင်တောခရိုင်ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံပြီး မောင်တောမြို့ အမှတ်(၁) ဝင်ထွက်စခန်း လှေဆိပ်အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နိုဝင်ဘာ ၉ ရက်က မြန်မာ-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လုံးချောအား ကျပ် ၁၀ သိန်း ချီးမြှင့်စဉ်။(သတင်းဖော်ပြပြီး) (ကြေးမုံ)

# အထက(၃)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

အထက(၃) ဗိုလ်တထောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့)တွင် အထက(၃) ဗိုလ်တထောင်သစ္စာခန်းမ (သစ်သားကျောင်းဆောင်)တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက်(၆၀)ပြည့် ဆရာ၊ ဆရာမကြီးများအားလုံးကို ပူဇော်ကန်တော့မည်ဖြစ်ပြီး ဆရာ၊ ဆရာမကြီးများထံ သီးခြားဖိတ်စာ ပို့ပေးမည်ဖြစ်ကြောင်းနှင့် ကျောင်းတည်ထောင်သည်မှစ၍ ၂၀၀၇ အထိ စာသင်ဖူးသည့် ကျောင်းသူ၊ ကျောင်းသားဟောင်းများအားလုံး မည်သူမဆို ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေ ထည့်ဝင်လိုသူများနှင့် အသေးစိတ်သိရှိလိုသူများ ကျောင်းသားဟောင်းများဖြစ်သည့် သဒ္ဓမ္မမဏ္ဍိုင်ဆရာတော် ဖုန်း-၀၉၅၁၃၅၄၇၀၊ ဦးကျော်အောင် ဖုန်း-၇၀၃၂၂၀၊ ဦးလှသိန်း ဖုန်း-၀၉၅၀၆၇၀၃၀၊ ဦးအေးဝင်း ဖုန်း- ၀၉၅၀၀၁၃၂၄၊ ဦးနေဝင်း ဖုန်း-၅၈၄၁၁၃၊ ဦးကျော်ဝင်း ဖုန်း-၅၇၉၃၁၃၊ ဦးထွန်းစိန် ဖုန်း-၀၉၅၁၈၅၂၂၈၊ ဦးဆန်းထူး ဖုန်း-၃၉၂၃၃၀၊ ဦးခင်မောင်ဦး-ဒေါ်သိန်းသိန်းရင် ဖုန်း-၅၇၂၃၅၂၊ ဦးသိန်းအောင် ဖုန်း-၀၉၅၀၃၅၉၄၃၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၃၉၆၄၇၉၊ ဒေါ်လှဲ့လှဲ့ဝင်းဟန် ဖုန်း-၀၉၅၀၀၆၈၄၃၊ ဒေါက်တာလှမြင့် ဖုန်း-၂၀၁၈၈၇၊ ကိုသန်းဇော် ဖုန်း-၀၉၅၁၁၄၇၅၇ တို့ထံ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၁-၁၁-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ မြဝတီအဖွင့် |
| ၇း၀၅ | ၂။ အဖွင့်သီချင်း |
| ၇း၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ မြဝတီအဖွင့် |
| ၄း၀၅ | ၂။ အဖွင့်သီချင်း |
| ၄း၁၀ | ၃။ အမျိုးသားရေးတေးကဗျာ |
| ၄း၁၅ | ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန် |
| ၄း၂၅ | ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၄း၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၅း၀၀ | ၇။ မျိုးချစ်တပ်မတော် |
| ၅း၂၀ | ၈။ မြန်မာသံစဉ်ချိုနားဝင် |
| ၅း၃၀ | ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅း၅၀ | ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း |
| ၆း၁၀ | ၁၂။ နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၄။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၃၅ | ၁၅။ ကလေးတို့ကမ္ဘာ |
| ၇း၀၀ | ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -မင်းသမီးရဲ့နေ့စဉ်မှတ်တမ်း (အပိုင်း-၁၀)** |
| ၈း၀၀ | ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၈။ မိုးလေဝသသတင်း |
| | ၁၉။ အမျိုးသားရေးတေးကဗျာ |
| | ၂၀။ မွေးမြူသုတ |
| | ၂၁။ ဗွီစီဒီကျော်ကြားတေးများ |
| | ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၂၃)** |
| | ၂၄။ သင့်အတွက်မနက်ဖြန် |
| | ၂၅။ အပိတ်နှုတ်ဆက်စကား |
| | ၂၆။ ပြီးပါပြီ။ |

# ၂၀၀၈ခုနှစ် စတုတ္ထအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား အသင်းလိုက်နှင့် လူငယ်သက်တမ်းအလိုက် တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

**မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် ၂၀၀၈ခုနှစ် စတုတ္ထအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား အသင်းလိုက်နှင့် လူငယ်သက်တမ်း အလိုက် တင်းနစ်ပြိုင်ပွဲများကို နိုဝင်ဘာ ၁၅ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။**

ပြိုင်ပွဲအမျိုးအစားများမှာ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်း တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၁၀)နှစ်အောက်အမျိုးသား/အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၂)နှစ်အောက် အမျိုးသား/အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၄)နှစ်အောက် အမျိုးသား/အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၆)နှစ်အောက် အမျိုးသား/အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတို့ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းများ အနေဖြင့် အသင်းလိုက်ပြိုင်ပွဲတွင် (၄၅)နှစ်အထက် ပြည်နယ်/တိုင်းအဆင့် အားကစားသမားတစ်ဦး၊ အသက်(၅၀)အထက် လက်ရွေးစင်ဟောင်းတစ်ဦး (သို့မဟုတ်) ပြည်နယ်/တိုင်းအဆင့် ကစားသမားတစ်ဦးနှင့် အသက်(၆၀)အထက် ပြည်နယ်/တိုင်းအဆင့် ကစားသမား ဦးရေ တစ်သင်းလျှင် ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။ ကစားသမားဦးရေမှာ တစ်သင်းလျှင် အနည်းဆုံးခြောက်ဦးနှင့် အများဆုံး ခုနစ်ဦး ပါဝင်ခွင့်ရှိသည်။

လူငယ်တင်းနစ်ပြိုင်ပွဲများဖြစ်သော အသက်(၁၀)နှစ်အောက်တွင် ၁၉၉၈ ခုနှစ် ဩဂုတ်လမှ ၂၀၀၈ခုနှစ် နိုဝင်ဘာလအတွင်း မွေးဖွားသူဖြစ်ရမည်။ အသက်(၁၂)နှစ်အောက်တွင် ၁၉၉၆ ခုနှစ် ဩဂုတ်လမှ ၂၀၀၈ခုနှစ် နိုဝင်ဘာလအတွင်း မွေးဖွားသူဖြစ်ရမည်။ အသက်(၁၄)နှစ်အောက်တွင် ၁၉၉၄ ခုနှစ် ဩဂုတ်လမှ ၂၀၀၈ခုနှစ် နိုဝင်ဘာလအတွင်း မွေးဖွားသူဖြစ်ရမည်။ အသက်(၁၆)နှစ်အောက်တွင် ၁၉၉၂ ခုနှစ် ဩဂုတ်လမှ ၂၀၀၈ခုနှစ် နိုဝင်ဘာလအတွင်း မွေးဖွားသူဖြစ်ရမည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသူများသည် နိုဝင်ဘာ ၁၄ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရမည် ဖြစ်ပြီး နိုဝင်ဘာ ၁၄ရက် မွန်းလွဲ ၁နာရီတွင် ပွဲစဉ်များ ရေးဆွဲမည့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ရုံးခန်းသို့ အသင်းလိုက်ပြိုင်ပွဲအတွက် အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ တက်ရောက်ရန် သစ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၀**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် (၇)ကြိမ်မြောက် အသက်(၂၂)နှစ်အောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ (ASEAN Skills Competition) တွင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းမှ ပရိဘောဂ အတတ်ပညာ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်း ဗဟိုအလုပ်အမှုဆောင် ဦးမိုးသော်၊ ဂုဏ်ထူးဆောင်ကျောင်းအုပ်ကြီး ဦးကောင်းရင်၊ နည်းပြဦးတင့်ဇော်ညွန့်၊ ပြိုင်ပွဲဝင်လက်သမားပညာရှင် မောင်သိန်းထိုက်ဦးနှင့် မောင်နေလင်းထွန်းတို့သည် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်ဦးဇော်ဝင်း၊ အလုပ်အမှုဆောင် ဦးထွန်းလွင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

# မြန်မာနိုင်ငံတောင်ပိုင်းတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် နိုဝင်ဘာ ၁၀

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ် လွန်ခဲ့သော၂၄နာရီအတွင်းက** ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် -၁ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် ဝဒသမ၅၉ လက်မနှင့် သာယာဝတီမြို့တွင် ဝဒသမ ၀၇ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**နိုဝင်ဘာ ၁၁ ရက် ညနေထိ ခန့်မှန်းချက်။** ။ တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၃ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၉၃ဒီဂရီဖာရင်ဟိုက်) ၉-၁၁-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၀ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၆၈ဒီဂရီဖာရင်ဟိုက်) ၁၀-၁၁-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၃ရာခိုင်နှုန်း ၁၀-၁၁-၂၀၀၈

နေပူသည့်နာရီပေါင်း ၉ ဒသမ ၆ နာရီခန့် ၉-၁၁-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၀-၁၁-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂ မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| ယနေ့အထိ | (၁၁၀ဒသမ၃၁လက်မ) | (၁၂၀ဒသမ ၉၅လက်မ) | (၁၄၀ဒသမ ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၉-၁၁-၂၀၀၈ရက် ၂၃း၃၀နာရီတွင် မြောက်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

# ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၄၁)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာ သတင်းဂျာနယ်၌ မင်းသားကြီး ကျော်ဟိန်း အနုပညာလောကကို ရာသက်ပန်စွန့်ခွာ၍ ဘုန်းကြီးဝတ်လိုက်ပြီ၊ ဆူဇူကီးဝက်ဂွန်း R+နှင့် ကုန်တင်ယာဉ်စီးရေ ၁၂၀၀ထုတ်လုပ်မည်၊ ခြင်းရွဲအလှခတ်ပညာ မြန်မာတစ်နိုင်ငံတည်း၌သာရှိ၊ ရခိုင်ပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေး စစ်ဆေးရေးစခန်းတစ်ခု တည်ဆောက်မည်၊ ရန်ကုန်မြို့တွင် သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ၅၀အထိ ဆက်လက်ဖွင့်ရန်ရှိ၊ ပြည်တွင်းထွက်ကြက်ဥများ၌ မယ်လမင်းဓာတ်ပါဝင်မှုမရှိ၊ မြန်မာပြည်တွင် ကျပ်နှစ်သိန်းကျော်ရှိရုံဖြင့် Laptop ကိုင်ဆောင်နိုင်တော့မည်၊ သွေးဇာတ်ကားကို နာဂစ်ရန်ပုံငွေအဖြစ် စင်ကာပူတွင် ပြသမည်၊ စည်သူလွင်၊ ရဲလေး၊ သဇင်နှင့် ရှင်ဖုန်းတို့၏ ဂျပန်ခရီးစဉ် မြင်ကွင်းစုံ၊ ၂၀၀၈ခုနှစ် ဂျင်ဆိုမင်၏ အောင်မြင်ပျော်ရွှင်စုံတွဲဆု ဟန်ထူးလွင်တို့စုံတွဲရရှိ၊ မြန်မာ့ရိုးရာ လက်ဝှေ့အစွမ်းအံ့မခန်းမြင်တွေ့ကြရ၊ ဇီဝဖိုးငှက်များ သဘာဝအလျောက် နေ့စဉ်လာရောက်အသိုက်ပြုလုပ်၍ ငှက်သိုက်များရရှိနေသည့် မြိတ်မြို့မှ သဘာဝငှက်အိမ်သို့တစ်ခေါက်၊ ရုပ်ရည်ချောမောသော အဖေများ၏ သားများက ရုပ်ဆိုးပြီး သမီးများက လှတတ်သည်ဟုဆို၊ အီရတ်က ဆက်ဒမ်ဟူစိန်၏ ဇိမ်ခံရွက်လှေကြီးကို ရောင်းချမည်၊ သေဆုံးပြီးသူများကို ပုံတူမျိုးပွားနည်းဖြင့် ပြန်လည် အသက်သွင်းနိုင်တော့မည်လော၊ အိုဘားမား၏ အနိုင်ရခြင်း အကြောင်းရင်းရှစ်ချက်၊ လိုဏ်ဂူရောင်းရန်ရှိသည်၊ ရုရှားနျူကလီးယားရေငုပ်သင်္ဘော မတော်တဆမှုဖြစ်၍ လူ ၂၀ ကျော်သေဆုံး၊ ကမ္ဘာ့အသက်အငယ်ဆုံးဘုရင် ထီးနန်းဆက်ခံ၊ ဘာလီဗုံးခွဲသမားများအား ကွပ်မျက်လိုက်ပြီ၊ ကမ္ဘာမှုပြုနေသော အိုဘားမား စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့်ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုရှစ်မျက်နှာနှင့် အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အာရှအသက်(၁၆)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်းက ဩစတြေးလျအသင်းကို ရှုံးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၁၀**

အာရှ အသက်(၁၆)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲကို ယနေ့ဒေသစံတော်ချိန် ညနေ ၄နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ပတ်လည်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းနှင့် ဩစတြေးလျ အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းတို့ ဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ ဩစတြေးလျအမျိုးသမီးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နိုဝင်ဘာ ၁၂ရက် ညနေပိုင်းတွင် မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ တတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မြောက်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၇ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွေ့အကြုံရှင်းလင်းပွဲတို့ကို နိုဝင်ဘာ ၁ရက်က မယ်လမုဆုတောင်းပြည့်စေတီတော် အဘိဓမ္မာခန်းမ၌ ကျင်းပစဉ်။ (၆၇)**

# ကရဝိက်ဥယျာဉ်ကမ္ဘာ တန်ဆောင်တိုင်ပျော်ရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ကရဝိက်ဥယျာဉ်ကမ္ဘာက ကြီးမှူး၍ Dagon Brewery Co., Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် ကရဝိက်ဥယျာဉ်ကမ္ဘာ တန်ဆောင်တိုင်ပျော်ရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ကရဝိက်ဥယျာဉ်ကမ္ဘာမှ ပျော်ရွှင်ပွဲ အခမဲ့ဖျော်ဖြေမှုများအဖြစ် နိုဝင်ဘာ ၈ ရက်မှစ၍ တေးသံရှင်များက အခမဲ့ဖျော်ဖြေတင်ဆက်ပေးလျက်ရှိသည်။

ဈေးရောင်းပွဲတော်တွင် ဦးဖေသိန်း လျှပ်စစ်ပစ္စည်း၊ Bon Bon Bakery၊ '09' မိုဘိုင်းနှင့်ဖုန်းဆက်စပ်ပစ္စည်း၊ စွမ်းအားရှင် အကြောပြေလိမ်းဆေး၊ 'SSS' မုန့်မျိုးစုံ၊ 'C' CARE Skin Care ထုတ်ကုန်ပစ္စည်း၊ Huggies Baby Diapers၊ Kleenex Facial Tissues၊ Scott Facial Tissues၊ Fancy 96 Collection၊ ဇီဇဝါ စာအုပ်ဆိုင်၊ Uni Teak Furniture၊ မြန်မာပြည်သား စားသောက်ကုန်မျိုးစုံ၊ MINA KIDS ကလေးဝတ်အထည်များ၊ DEAR FACE Korea အလှကုန်များ၊ CP ထုတ်ကုန်များ၊ Mars ခြင်ဆေးခွေ၊ သဘာဝ နနွင်းတက်ခြင်ဆေးခွေ၊ WAX KING၊ My Collection အဝတ်မျိုးစုံ၊ Dagon Brewery မှ ထုတ်ကုန်များ၊ Kangaroo ဖိနပ်မျိုးစုံ၊ Shoe Gallery၊ Happy Cow နို့ဆီ၊ မာမီးခေါက်ဆွဲ၊ Mortain Shieldtox၊ Japan Sushi၊ Khao Shong ကော်ဖီမစ်၊ ရိုးရာချည်ထည်များ၊ Roland (စတီးပေါ်တွင်တံဆိပ် ရိုက်နှိပ်သောဆိုင်)၊ အရီးတောင်းလက်ဖက်၊ ဗာကုလတိုင်းရင်းဆေး၊ အာဆင်နယ်စားဖွယ်စုံ၊ Paris Champagne Group ၏ Paris Wine၊ RADAR အင်တာနာပစ္စည်းဆိုင်၊ ချူထရီပိုက်တာအားဆေး၊ Bicogic အားဆေး၊ စွမ်းအားရှင်လိမ်းဆေး၊ အဝတ်အထည်နှင့် ကလေးအသုံးအဆောင်ပစ္စည်းမျိုးစုံ၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ၊ အလှကုန် စားသောက်ကုန်များအပါအဝင် ဆိုင်ခန်းပေါင်း ၁၃၅ ခန်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ထားဝယ်တက္ကသိုလ် လေးထပ်ပင်မဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ထားဝယ်တက္ကသိုလ် ပင်မဆောင်ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တနင်္သာရီတိုင်း ထားဝယ်မြို့သို့ရောက်ရှိပြီး တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့်အတူ ထားဝယ်လေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ထားဝယ်တက္ကသိုလ်၌ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ထားဝယ်တက္ကသိုလ်လေးထပ်ပင်မဆောင်နှင့် စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဗိုလ်ချုပ်သာအေးသည် လောင်းလုံမြို့နယ် ကျောက်ဆင်ကျေးရွာအုပ်စု ဘော့ဆိပ်အခြေခံပညာ မူလတန်းလွန်ကျောင်းနှင့် မောင်းမကန်ကျေးရွာရှိ မောင်းမကန် တွဲဖက်အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မောင်းမကန် ကမ်းခြေသို့သွားရောက်၍ မောင်းမကန်ကမ်းခြေရိပ်သာရှေ့၌ ပုန်းညက်ပင်ကို အမှတ်တရစိုက်ပျိုးပေးပြီး အုန်းပင်ပေါက်များ ပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော အုန်းပင်များကိုလည်းကောင်း၊ ကမ်းခြေတစ်လျှောက် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

## အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

**ရန်ကုန် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ၁၀ရက် မြန်မာစံတော်ချိန် ၀၇နာရီ ၅၇မိနစ် ၂၈စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်ဘက် မိုင်၁၃၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (တရုတ်နိုင်ငံ) နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ ၅ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)



# နန်နင်းကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ ကျေးလက်ဖွံ့ဖြိုးမှု ပေါ်လွင်အောင်ပြသနိုင် အကောင်းဆုံး ICT ပြခန်းဆုနှင့် လုပ်ငန်းဆု မြန်မာနိုင်ငံရရှိ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

၂၀၀၈ ခုနှစ် (၅)ကြိမ်မြောက် တရုတ်-အာဆီယံနိုင်ငံများ၏ နန်နင်း ကုန်စည်ပြပွဲကို အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ရာတွင် မြန်မာနိုင်ငံက အကောင်းဆုံးပြခန်းဆုနှင့် အကောင်းဆုံးလုပ်ငန်းများ စုစည်းနိုင်မှု ဆုနှစ်ဆုကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့ကြောင်းသိရသည်။

အဆိုပါကုန်စည်ပြပွဲကို မြန်မာနိုင်ငံက အမျိုးသားပြခန်းနှင့် စီးပွားရေးပြခန်းဟူ၍ ပြခန်းနှစ်ခု ဝင်ရောက်ပြသခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ ပြခန်းပေါင်းများစွာ ဝင်ရောက်ပြသခဲ့သည်။ (၅)ကြိမ်မြောက် နန်နင်း ကုန်စည်ပြပွဲ၏ အဓိကရည်ရွယ်ချက်ဖြစ်သော ICT နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုမှာ**စာမျက်နှာ ၉ ကော်လံ ၃ သို့** ●

**(၅)ကြိမ်မြောက် တရုတ်-အာဆီယံ နိုင်ငံများ၏ နန်နင်းကုန်စည်ပြပွဲတွင် ပြသခဲ့သော Dynamic Engineering and General Trading CO., Ltd. မှ တည်ဆောက်ပေးခဲ့သည့် မြန်မာပြခန်းဆောင်ပုံစံငယ်။** (အပေါ်ပုံ)

**မြန်မာနိုင်ငံက ရရှိခဲ့သော အကောင်းဆုံး ပြခန်းဆု။** (ယာပုံ)



## ကမ္ဘာ့အသေးငယ်ဆုံး ဆိုလာဆဲလ် အမေရိကန် သိပ္ပံပညာရှင်များ စမ်းသပ်

အင်တာနက်နည်းပညာသိပ္ပံသတင်း

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

ကမ္ဘာ့အသေးငယ်ဆုံး နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေး ဆဲလ်(ဆိုလာဆဲလ်)များကို အမေရိကန် သိပ္ပံပညာရှင်များက အောင်မြင်စွာ စမ်းသပ်ခဲ့ကြကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

လူတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော ဓာတုဗေဒပစ္စည်းများနှင့် အဆိပ်အတောက်ပစ္စည်းများကို စုံစမ်းဖော်ထုတ်ပေးမည့် အလွန်သေးငယ်သော အဏုကြည့်မှန်ပြောင်းများအတွက် လျှပ်စစ်ဓာတ်အား ထုတ်ပေးနိုင်ရန် အဆိုပါဆဲလ်များကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း တောင်ပိုင်း ဖလော်ရီဒါပြည်နယ်တက္ကသိုလ်မှ သုတေသနအဖွဲ့ခေါင်းဆောင် ကျာမေကျန်းက ပြောကြားသည်။

ကမ္ဘာ့အသေးငယ်ဆုံး နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ရေးဆဲလ်များကို အော်ဂင်းနစ် ပိုလီမာတစ်ခုမှ ထုတ်လုပ်ထားပြီး အလွန်သေးငယ်သော ကိရိယာများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ခြင်းရှိ၊ မရှိ စမ်းသပ်လေ့လာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့ တီထွင်လိုက်သည့် ဆိုလာဆဲလ်များသည် အော်ဂင်းနစ်ဆိုလာဆဲလ်ဖြစ်ပြီး ပိုလီမာတစ်ခုပေါ်တွင် တည်မှီနေကြောင်း သမားရိုးကျ နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေး ဆဲလ်များရှိ ဆီလီကွန်ဝေဖာများနည်းတူ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ○